

mgyoe.com

# လူထုစိန်ဝင်း

## ပန်းတိုင်ကဘာလဲ နှင့် အခြားဆောင်းပါးများ





ဒုတိယအကြိမ်

mgyoe.com

mgyoe.com

ဟားဗတ်တက္ကသိုလ်ကြီး၊ ယေးတက္ကသိုလ်ကြီး ဘယ်လောက်ကောင်းကောင်း "ပြင်ညာရှိ"ကြီးတွေ ဘယ်လောက်တော်တော်၊ အိမ်ဖြူတော်ကြီး ဘယ်လောက်လှလှ၊ ကွန်ဂရက်လွှတ်တော်ကြီး ဘယ်လောက်ကြီးကြီး၊ နိုင်ငံသူ နိုင်ငံသားအားလုံး အပူအပင်ကင်းကင်း စိုးရိမ်ကြောက်လန့်မှုမရှိ၊ စိတ်အေးချမ်းသာမနေနိုင်ဘူးဆိုရင် အဲဒါတွေအားလုံး အပိုပါပဲ။ လူသားတိုင်းအတွက် အရေးအကြီးဆုံးအချက်က နှစ်ချက်တည်းပါ။ ဒီနှစ်ချက်နဲ့ ပြည့်စုံညီညွတ်ရင် ဘယ်သူမဆို စိတ်ချမ်းသာ ကိုယ်ချမ်းသာနေနိုင်ကြမှာပါ။ အဲဒီနှစ်ချက်ကတော့–

(၁) တရားဥပဒေစိုးမိုးမှု **(rule of law)** ခိုင်မာခြင်း။

(၂) လူတိုင်းလူတိုင်း ကိုယ့်အလုပ်အကိုင် (ပရော်ဖက်ရှင်) ကို ကိုယ့်အသက်နဲ့ ထပ်တူ လေးစားတန်ဖိုးထားခြင်း။

တို့ ဖြစ်တယ်။

ဥပဒေလိုက်နာဖို့

နိုင်ငံသားတိုင်း (နိုင်ငံသားဆိုရာမှာ သာမန်ပြည်သူပြည်သားများပါသလို၊ နိုင်ငံ့ဝန်ထမ်းမှန်သမျှ တစ်ယောက်မကျန် အားလုံးပါပါတယ်) ကိုယ့်နိုင်ငံက သတ်မှတ်ထားတဲ့ တရားဥပဒေမှန်သမျှကို တိတိကျကျ မဖောက်မပြန် လိုက်နာကျင့်သုံးနေထိုင်ကြမယ်ဆိုရင် တိုင်းပြည်နိုင်ငံ အေးချမ်းသာယာမှာ ဖြစ်တယ်။ တရားဥပဒေကို ထိန်းသိမ်းကြပ်မတ်ရတဲ့ နိုင်ငံ့ဝန်ထမ်းများကလည်း ဥပဒေပါအတိုင်း တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်ရပါမယ်။ "ငွေများ တရားနိုင်" ဆိုတဲ့ စကားကို လုံးဝ ပျောက်ကွယ်သွားစေရပါမယ်။ ဒီလိုဆိုရင် နိုင်ငံသားတိုင်း တရားဥပဒေရဲ့ စောင့်ရှောက်မှုအောက်မှာ ကြောက်လန့်စိုးရိမ်မှုကင်းစွာနဲ့ စိတ်အေးချမ်းသာ နေနိုင်ကြမှာ ဖြစ်တယ်။

# လူထုစိန်ဝင်း

## ပန်းတိုင်ကဘာလဲ နှင့် အခြားဆောင်းပါးများ

ISBN 9789997115782
LH57
9 789997 115782
3,300.00KS

mgyoe.com

ပန်းတိုင်ကဘာလဲနှင့်အခြားဆောင်းပါးများ၊ လူထုစိန်ဝင်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၃၂+ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၁ သင်းစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၃၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ပန်းတိုင်ကဘာလဲ

နှင့်

အခြားဆောင်းပါးများ

## လူထုစိန်ဝင်း

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဒီဇယ်လေနဲ့ ကော့တေးလေ | ၁ |
| ၂။ | မေမှာပွင့်တဲ့ချယ်ရီ | ၇ |
| ၃။ | နားစွင့်၊ မျက်စိဖွင့်ပြီး စောင့်ကြည့် | ၁၁ |
| ၄။ | ဂလိုဘယ်ခေတ်၊ မကျက်တကျက် အာလူးဖုတ်နဲ့ မြန်မာစာရေးဆရာရဲ့တာဝန် | ၁၅ |
| ၅။ | လူကြီးလူကောင်းစိတ် | ၂၀ |
| ၆။ | ပလတ်စတစ်ခေတ်နဲ့ ဖက်ယဉ်ကျေးမှု | ၂၄ |
| ၇။ | အရှေ့အလယ်ပိုင်းက စစ်ပွဲသစ်တစ်ခု အမြန်ဆုံး တားဆီးပါ | ၂၈ |
| ၈။ | မအိုချင်သူများအတွက် ဆေးတစ်လက် | ၃၂ |
| ၉။ | ကမ္ဘာသစ်ရဲ့ ဆက်ဆံရေးပုံစံသစ်တဲ့လား | ၃၇ |
| ၁၀။ | အဆိုးထဲကလည်း ပညာရပါတယ် | ၄၃ |
| ၁၁။ | လူများစုဖတ်ဖို့ စာတွေ ရေးကြဖို့လိုပြီ | ၄၇ |
| ၁၂။ | ဝါသနာကို ပြုစုပျိုးထောင်ပါ | ၅၂ |
| ၁၃။ | ဦးရှုံစားလို မုန်ဘီလူးကြီးတကိုင်ကိုင် | ၅၇ |
| ၁၄။ | သတ္တိကောင်းလို့မဟုတ်ပါ | ၆၁ |
| ၁၅။ | ခေါင်းမအိုရင် လူမအိုဘူး | ၆၆ |


mgyoe.com

mgyoe.com
၁၆။ မျိုးချစ်စိတ်ဆိုတာ မြို့ချစ်စိတ်မှာ အခြေခံတယ် ၆၉
၁၇။ သမ္မတသစ်အိုဘားမား ရင်ဆိုင်ရမယ့်အန္တရာယ် ၇၃
၁၈။ ဒစ်ဂျစ်တယ်ခေတ်နဲ့ သတင်းစာ ၇၇
၁၉။ လူတွေအကြောင်းသိချင်တာပါ ၈၂
၂၀။ မှားတာမကြောက်နဲ့၊ နာမည်သေမှာကြောက် ၈၆
၂၁။ အတွေ့အကြုံကို မကိုးကွယ်နဲ့၊ ပညာကိုကိုးကွယ် ၉၁
၂၂။ ကူးစက်မြန်ရောဂါဆိုးကြီးတွေ ဘယ်ကစ ၉၅
၂၃။ လှမ်းစို့တူပျော် ရွှေပြည်တော် ၁၀၀
၂၄။ ပြင်ဦးလွင်မိုး၊ စပါးတကပ်၊ ရော်နယ်ဒိုနဲ့ ဘက်ခမ်း ၁၀၆
၂၅။ နိုင်ငံရေးဆိုတာ ကြီးမြတ်တဲ့အလုပ် ၁၁၁
၂၆။ ပေါင်ပေါ် ဒူးပေါ် ဂျာနယ်လစ် မဖြစ်စေချင် ၁၁၅
၂၇။ ပရော်ဖက်ရှင်နယ်ပီသတဲ့ ဝတ်စားဆင်ယင်မှု ၁၂၀
၂၈။ စဉ်းစားတတ်အောင် သင်ပေးတာမှ ဆရာ ၁၂၄
၂၉။ မတတ်လို့ ဝင်မပြောတာ ၁၂၉
၃၀။ ကာလစပါးယိုက စတွေးမိသမျှ ၁၃၄
၃၁။ ရှုပါ ပါဝါခေတ် နိဂုံး ၁ ၁၃၈
၃၂။ ရှုပါ ပါဝါခေတ် နိဂုံး ၂ ၁၄၃
၃၃။ ရှုပါ ပါဝါခေတ် နိဂုံး ၃ ၁၄၈
၃၄။ အိုဘားမားနဲ့ နိုဘဲလ်ဆု ၁၅၂
၃၅။ စာနယ်ဇင်းသမားနဲ့ မုန်းသူ၊ ချစ်သူ ၁၅၆
၃၆။ ရတာယူပြီး ကျေနပ်မနေနဲ့၊ လိုချင်တာရအောင်ယူ ၁၆၀
၃၇။ မကြားချင်ယောင်၊ မမြင်ချင်ယောင် မဆောင်နဲ့ ၁၆၅
၃၈။ ဓါးကွက်စီးပွားရေးနဲ့ လူ့တန်ဖိုး ၁၇၀
၃၉။ ပန်းတိုင်က ဘာလဲ ၁၇၆
၄၀။ စာနယ်ဇင်းသမားတိုင်း ကွန်ပျူတာတွေ ဖတ်ပါ ၁၈၁
၄၁။ အိုက်ဒီယောလော်ဂျီ ခန်းခြောက်ရင်
အိပ်မက် မမက်တတ်ဘူး ၁၈၅
၄၂။ စာနယ်ဇင်းသမားဆိုတာ နိုင်ငံရေးပွဲစား မဟုတ်ဘူး ၁၈၉
mgyoe.com

mgyoe.com


၄၃။ မကျက်တကျက် အာလူးမီးဖုတ်များနဲ့
သူတို့ရဲ့ ဂုရုကြီးတွေ ၁၉၃

၄၄။ မိဘနဲ့ သားသမီးကြားက ချုပ်ချယ်မှုနဲ့ အာခံစိတ် ၁၉၇

၄၅။ ပျောက်ကွယ်သွားတဲ့ ရိုးရာအိမ်တွင်း စီးပွားရေးလုပ်ငန်း ၂၀၁

၄၆။ အားကစားကလပ်တွေ ဖော်ထုတ်ကြစေချင် ၂၀၅

၄၇။ တာဝန်မကျေခဲ့တာ ရှက်လို့ပါ ၂၀၉

၄၈။ အရှုံးသမားစိတ်ဓာတ် အမွေချန်မထားနဲ့ ၂၁၃

၄၉။ နောင်ခါလာ နောင်ခါရှေး သဘောမထားနဲ့ ၂၁၇

၅၀။ ဘာ့ကြောင့် စိတ်ညစ်မနေတာလဲ ၂၂၁

၅၁။ နားဆိပ်သင့်ခြင်းနှင့် ကာဗွန်ဆိပ်သင့်ခြင်း ၂၂၅

၅၂။ ကောင်းဘွိုင်နဲ့ မေတ္တာတရား တခြားစီပဲ ၂၂၉


❑

mgyoe.com

mgyoe.com

# ဒီဖယ်လေနဲ့ ကော့တေးလေ

အောက်တိုဘာလ ၃ ရက် မနက်မှာ မန္တလေးက ဒေါ်ဒေါ် ဖုန်းဆက်ပါတယ်။ လူကြုံရှိလို့ ဆူးပုပ်ကလေး၊ ဆီးဖြူသီး၊ ပြင်ဦးလွင် တညင်းသီး၊ ပဲရေပွ စတဲ့ တိုလီမိုလီလေးတွေ ထည့်ပေးလိုက်ကြောင်း ပြောပါတယ်။

"ရန်ကုန်မှာ ပူလွန်းလို့ ထမင်းမစားနိုင်ဖြစ်နေတာနဲ့ အတော်ပဲ"

လို့ ကျေးဇူးတင်ရင်း ပြောလိုက်ရတယ်။ ရန်ကုန်မှာ တအားပူလာတာ နှစ်ပတ်ရှိပြီ။ ပူလွန်းတော့ ရေထဲကငါး ကုန်းပေါ်ပစ်တင်ထားသလို ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေတော့တယ်။ မျက်လုံးတွေပူ ခေါင်းတွေ ကိုက်ပြီး ထမင်းစားချင်စိတ်လည်း မရှိတော့ဘူး။ အညာမွေး အညာကြီး အညာသား စစ်စစ်ကြီးဖြစ်ပါလျက်နဲ့ အပူဒဏ် မခံနိုင်တာ အံ့ဩရတယ်။ ရင်ကျပ်ရောဂါရှိသူအများစုဟာ မိုးတွင်းတို့ ဆောင်းတွင်းတို့မှာ ရောဂါထလေ့ရှိတယ်။ သူများနဲ့မတူဘဲ ဘာ့ကြောင့် ပူရင် အသက်ရှူကျပ်ပြီး မောလာရတယ် မသိပါဘူး။ တောင်ကြီး၊ ကလောကို ဒီဇင်ဘာထဲ ရောက်သွားတာ ဘာမှ မဖြစ်ခဲ့သလို ပြင်ဦးလွင် သွားနေတာလည်း ဘာမှ မဖြစ်ပါဘူး။ မဖြစ်ရုံသာ မဟုတ်ဘူး။ ရန်ကုန်မှာ ဆရာဝန်ညွှန်ကြားချက်အတိုင်း တစ်နေ့ ၁၆ နာရီ အောက်စီဂျင်ပိုက်တန်းလန်း တပ်ထားရတဲ့သူက ပြင်ဦးလွင်ရောက်ပြီး တစ်ပတ်လောက်ကြာတော့ ဘာအောက်စီဂျင်ပိုက်မှ မလိုတော့ဘူး။ သဘာဝ လေသန့်အေးနဲ့ အဆင်ပြေနေတာပဲ။

mgyoe.com

"မင်းလိုပဲ ဒေါ်ဒေါ်လည်း မန္တလေးပြန်ရောက်တာနဲ့ အသက်ရှူလို့ မဝတော့ဘူး။ မောနေတယ်။ ဒီက လေဟာ ပြင်ဦးလွင်လေ ရှူရသလို မသန့်တော့ ဘယ်လောက်ရှူရှူ ဝတယ်လို့ကို မထင်ရဘူး"

ဒေါ်ဒေါ်က ပြင်ဦးလွင်မှာ ငါးလလုံးလုံး သွားနေခဲ့ပြီး ပြန်ဆင်းလာတာ နှစ်ရက်သာရှိသေးတာဆိုတော့ မန္တလေးက "ဒီဇယ်လေ" နဲ့ ဘယ်အသား ကျဦးမှာလဲ။ ပြင်ဦးလွင်လေသန့်အေးလေးကို လွမ်းနေဦးမှာပေါ့။ ပြင်ဦးလွင် က ပြန်ရောက်တာ လေးလရှိနေပြီဖြစ်တာတောင် ခုထိ ရန်ကုန်လေနဲ့ မယဉ်ပါးသေးဘူး မဟုတ်လား။ မန္တလေးက "ဒီဇယ်လေ"လို့ ဆိုလိုက်တော့ ရန်ကုန်လေကို ဘယ်လိုခေါ်ရမလဲ။ မန္တလေးလေထက် ကိုးဆယ်ဆ ပိုဆိုး တော့မပေါ့။ ဒီဇယ်နံ့၊ ဓာတ်ဆီနံ့၊ အမှိုက်ပုံနံ့နဲ့ မြောင်းပုပ်နံ့၊ ညှော်နံ့၊ ချွေးနံ့၊ အိမ်က ကမ်းနားနဲ့နီးတော့ ရေပုပ်နံ့စတဲ့ အနံ့ပေါင်းစုံ ရောမွှေပေါင်းစပ် ထားတာဖြစ်လေတော့ ခေတ်မီမီနဲ့ "ကော့တေးလေ" လို့ ခေါ်လိုက်ရင် ကောင်းမလား။ မြို့ကြီးပြကြီးရဲ့ အနံ့ပေါင်းစုံ ထောင်းထောင်းထနေတာကို တော့ "မြို့ပြလေ"လို့ပဲ ခပ်ရိုးရိုး ခေါ်လိုက်ရတာ ကောင်းမလား။

ထားပါတော့။ ဘယ်လိုပဲခေါ်ခေါ် ရန်ကုန်လေနဲ့ မန္တလေးလေက မသန့်တဲ့နေရာမှာတော့ အတူတူပါပဲ။ ပြင်ဦးလွင်လေနဲ့များ ကွာချင်တိုင်း ကွာပေါ့။ ဒီလိုမတူတာကို ဒီတစ်ခေါက် ပြင်ဦးလွင်ရောက်မှ သတိပြုမိတာ။ အရင်က ဘယ်လိုမှ သတိမပြုမိခဲ့ဘူး။ ပူတာနဲ့ အေးတာပဲ ကွာတယ်လို့ ထင်မှတ်နေခဲ့တာ။

ဒီတစ်ခေါက် ရန်ကုန်က ထွက်သွားပြီး သုံးနာရီလောက်အကြာ ပြင်ဦးလွင်ရောက်သွားတော့မှ သတိပြုမိသွားတာ။ ရန်ကုန်က မသွားခင်မှာ ကုန်းပေါ်ရောက်ငါးလို ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေတဲ့သူဟာ ပြင်ဦးလွင် ရောက်ရောက်ချင်းမှာပဲ ကွာခြားမှုကို ချက်ချင်း သတိပြုမိသွားတော့တယ်။ ပြင်ဦးလွင်လေကို ရှူရတာက ရှူရမှန်းကို သိသိသာသာကြီး အဆုတ်ထဲ ရောက်သွားတာ။ အဆုတ်ထဲမရောက်ခင် လေပြွန်တစ်လျှောက် ဖြတ်သွားစဉ် ကတည်းက သန့်သန့်အေးအေးလေး ဝင်သွားတဲ့အရသာကို ကောင်းကောင်း ခံစားလိုက်ရတယ်။ အဆုတ်ထဲရောက်တော့လည်း အဆုတ်ထဲ ပြန်ရောက်သွား တယ်ဆိုတာ ခံစားမှုက သိလိုက်ရတယ်။ ချက်ချင်း ဝပြီး လန်းဆန်းသွားတယ်။

mgyoe.com

ရန်ကုန်လေရှူရတာက ကမ္ဘောဒ္ဒန်းထိုင်သူတချို့ ရှူသလို တရှူးရှူး တရှဲရှဲ အသံထွက်အောင် ရှူရှိုက်လုပ်လို့လည်း ရှူလိုက်ရမှန်း မသိရဘူး။ အဆုတ်ထဲ လေတွေဝင်သွားတယ်လို့လည်း မခံစားရဘူး။ ဘယ်လိုမှကို ဝတယ်လို့ မထင်ရဘူး။

လေသန့်သန့်အေးအေးလေး ရှူရှိုက်ရတာ ဘယ်လောက်ထိ အရသာရှိတယ်ဆိုတာကို "ကော့တေးလေ"တွေနဲ့ ယဉ်ပါးအသားကျနေတဲ့ နှာခေါင်းတွေက ဘယ်လိုပြောလို့မှ သိနိုင်မှာ မဟုတ်ဘူး။ ကိုယ်တိုင် ပြင်ဦးလွင်ရောက်ပြီး အတော်လေးကြာမှ ဒီအချက်ကို သတိပြုမိတယ်။ တစ်နေ့ မနက်ငါးနာရီခွဲလောက် နေ့စဉ်လုပ်နေကျအတိုင်း ခြံဝထွက်ပြီး အသက်ရှူလေ့ကျင့်ခန်း လုပ်နေတုန်း နှာခေါင်းထဲမှာ ဒီဇယ်နံ့ကြီး ထောင်းခနဲ ဝင်လာတယ်။ ရှေ့နောက်ဝဲယာ လှမ်းကြည့်တော့ ဘာကားမှ မမြင်ရဘူး။ ခြံချင်းကပ်ရက်က "ဒေလီယာမိုတယ်"ဘက်မှာလည်း မနက်စောစောဆိုတော့ ငြိမ်သက်နေကြဆဲ ဖြစ်တယ်။ ရောက်နေတာ လေးငါးဆယ်ရက်ကြာပြီဖြစ်တဲ့ ရပ်ရှင်အဖွဲ့သားတွေလည်း မိုးအေးအေးမို့ ကွေးကောင်းနေကြတုန်းပဲ ထင်ပါရဲ့။

ဟိုကြည့် ဒီကြည့် ဟိုတွေး ဒီတွေး လုပ်နေခိုက်မှာ ခပ်လှမ်းလှမ်း လမ်းကွေ့က ထော်လာဂျီတစ်စင်း ခေါင်းတိုင်က မီးခိုးတလူလူ စက်သံဖွတ်ချက်ဖွတ်ချက်နဲ့ ရောက်လာတာ တွေ့ရတယ်။

"ဩော်၊ တရားခံက ကိုယ်တော်ချောကိုး"

သူ့ကိုမမြင်ရမီ၊ သူ့အသံ မကြားရမီကတည်းက သူ့အနံ့ကို နှာခေါင်းက ကြိုရလိုက်တာ ဖြစ်တယ်။ ရှင်းသန့်ကြည်အေးနေတဲ့လေထဲမှာ ညစ်ညမ်းတဲ့အနံ့တစ်ခုဝင်လာတာဆိုတော့ အဖြူရောင်ပိတ်ကားပေါ်မှာ အမည်းစက်တစ်စက် တို့လိုက်တာနဲ့ ထင်းခနဲဖြစ်သွားသလိုမျိုး သိသိသာသာ ထင်ထင်ရှားရှားကြီးကို သိလိုက်ရတာ ဖြစ်တယ်။

ရန်ကုန်အိမ်က အစိုးရရုံးကြီးတွေနဲ့ သံရုံးကြီးတွေရှိရာ မြို့လယ်ကောင်လမ်းမကြီးပေါ်မှာရှိနေတာကြောင့် တစ်နေ့လုံး တစ်ညလုံး ကားကြီး ကားငယ်တွေ ဥဒဟို ဖြတ်သန်းသွားလာနေကြတာ ဖြစ်တယ်။ ည နှစ်နာရီထိုးလောက်ကျမှ ကားသံလုံးလုံး တိတ်သလောက် ရှိတတ်တယ်။ ဒါပေမဲ့ မနက်လေးနာရီထိုးတာနဲ့ ဈေးပို့ ဈေးကြိုတာတွေ တဝေါဝေါနဲ့ ထွက်လာကြပြန်တာပါပဲ။

mgyoe.com

mgyoe.com

ဒါလောက် ကားတွေ ရှုပ်တဲ့နေရာမှာ နှစ်ပေါင်း ၄၀ ကျော်နေလာခဲ့ရတာ ဆိုတော့ နှာခေါင်းက "ယဉ်"နေပြီလေ။ ဘာနံ့မှမရတော့ဘူး။ နားလည်း အတူတူပဲ။ ဆူသံတွေ ယဉ်နေပြီ။ နယ်က ဧည့်သည့်စောင်သည်တွေ ညဥ့်အိပ် ညနေရောက်လာတဲ့အခါမျိုးတွေမှာ လာရင်းကိစ္စပြီးတာနဲ့ ချက်ချင်း ပြန်ကြ တာချည်းပဲ။ ရောက်တုန်းပေါက်တုန်း အေးအေးဆေးဆေးနေပါဦးလားလို့ ဘယ်တော့မှတားမရဘူး။ မျက်စိရှုပ်၊ နားရှုပ်နဲ့ မနေတတ်ဘူးလို့ ပြောကြ တယ်။ ရေသောက်ရတာတောင် ပေါ့ရွှတ်ရွှတ်နဲ့ ဘာအရသာမှ မရှိဘူးလို့ လည်း ပြောတတ်ကြတယ်။ ရှမ်းပြည်ကလာတဲ့ ဧည့်သည်တွေ သာဆိုးသေး။ ပူလွန်းလို့ ယပ်တဖျပ်ဖျပ်နဲ့ ညည်းတွားလို့ကို မဆုံးတော့ဘူး။

အခု ပြင်ဦးလွင်မှာ အတော်ကြာကြာလာနေမှ ခြားနားချက်ကို သတိထားမိရတယ်။ ရန်ကုန်မှာတော့ နှာခေါင်းက ယဉ်နေပြီဆိုတော့ ဘာဒီဇယ်နံ့မှ မရပါဘူး။ ဆူညံသံတွေကြားမှာ နားကလည်း ယဉ်နေပြီလေ။ ဒီတော့ ဆူလို့ အိပ်မရဘူး မရှိတော့ပါဘူး။

"ယဉ်"နေပြီဆိုတဲ့အဖြစ်က တော်တော်ဆိုးတယ်နော်။ အမှတ်မထင် ကိုယ်တိုင်တောင်မှ မသိလိုက်ရဘဲနဲ့ အာရုံငါးပါးလုံးကို လုံးလုံးကြီး ပျက်စီး သွားစေတာ။ အာရုံငါးပါးကို ဖျက်ဆီးရုံနဲ့တင် မပြီးသေးပြန်ဘူး။ အဲဒီက တစ်ဆင့်တက်ပြီးတော့ လူ့အကျင့်စရိုက်တွေ၊ လူ့စိတ်ဓာတ်တွေကိုပါ ဖျက်ဆီး ပြန်သေးတာ။

ဒီနေ့ ကလေးပေါက်စနလေးတွေ ပါဝါရိန်းဂျားတို့၊ ဘက်တ်မင်းန်တို့၊ စပိုက်ဒါမင်းတို့ စီဒီချပ်တွေ စွဲစွဲလမ်းလမ်း နှစ်နှစ်ခြိုက်ခြိုက်ကြီး ကြည့်နေ ကြတာတွေ့တိုင်း မအံ့သြဘဲကို မနေနိုင်ဘူး။ ဟို ရှေးခေတ်ကလေးတွေများ ထိုးတာ ခုတ်တာ သတ်တာ ဖြတ်တာတွေ ဘယ်ကြည့်ရဲမှာလဲ။ လူကြီးမိဘ တွေနဲ့ ရုပ်ရှင်သွားကြတဲ့အခါ သတ်ခန်း ဖြတ်ခန်းတွေဆိုရင် အမေ့ရင်ခွင်ထဲ ခေါင်းထိုးပြီး ဝှက်ထားကြရတာ။ ကလေးတွေသာ မဟုတ်ပါဘူး၊ ကောလိပ် ကျောင်းသူ အပျိုမကြီးတွေတောင်မှ စစ်ကားတွေ ဘာတွေကြည့်လေ့ရှိတာ မဟုတ်ဘူး။ သွေးသံရဲရဲ သတ်တာ ဖြတ်တာတွေနဲ့ တယ်ပြီး မယဉ်ပါးကြ သေးဘူးဆိုရလိမ့်မယ် ထင်ပါရဲ့။

သွေးသံရဲရဲမှ မဟုတ်ပါဘူး။ ဝတ်စားဆင်ယင်မှုမှာလည်း အလားတူ

mgyoe.com

mgyoe.com


ပါပဲ။ ၅၀ ပြည့်နှစ်တွေအတွင်းက ကောင်းဘွိုင်ကားလို အပေါစားရုပ်ရှင်တွေမှာတောင် မင်းသမီးတွေက ဂါဝန်ပွပွကြီးတွေ မြေကြီး တရွတ်တိုက် ဝတ်ကြတာ။ ရင်စည်းကိုယ်ကျပ် အင်္ကျီဆိုတာလည်း ကြိုးတွေကို လူတစ်ယောက်က နောက်မှာ မတင်းတင်းအောင် ဖွတ်ဆွဲပြီး စည်းပေးရတာ။ ၁၉၅၆ – ၅၇က မန္တလေးတက္ကသိုလ်မှာ ပြင်ဦးလွင်ကွန်ဗင့်က ရောက်လာသူ တရုတ်မလေးတစ်ယောက် ဘရာစီယာဝတ်ပြီး ကျောင်းတက်တာကို အထူးအဆန်းဖြစ်နေကြရတာ။ မန္တလေးတက္ကသိုလ်မှာ သူပထမဆုံး စဝတ်တာပဲ။ တစ်နှစ်လုံးလည်း သူတစ်ယောက်တည်း ဝတ်တာပါပဲ။ ငေးသူတွေ ငေးကြပေမဲ့ နှာခေါင်းရှုံ့သူက ခပ်များများပါ။ ညနေတိုင်း တင်းနစ်ကွင်းမှာ ဆုံရပြီး၊ ရုံဖန်ရုံခါ သူနဲ့တွဲပြီး ကစားရတာမျိုး ရှိတတ်ပေမဲ့ ဗိုက်သားပေါ်နေလေ့ရှိသူနဲ့ နီးနီးကပ်ကပ်ရပ်ပြီး စကားမပြောရဲခဲ့ဘူး။

နောက်တော့လည်း ဘရာစီယာဝတ်တာ ရိုးသွားတော့တာပါပဲ။ ဝတ်ခါစကများ "အိုက်သားအော်၊ နိုက်သားနော်" "ဗိုက်သားပေါ်၊ ကိုက်စားမနော်" ဆိုပြီးတောင် စာချိုးပြီး စကြ နောက်ကြသေးတာ။

တိုက်ခိုက်သတ်ဖြတ်တာတွေလည်း ဒီခေတ်မှာတော့ နှစ်နှစ်သား သုံးနှစ်သား ကလေးလေးတွေကတောင် ကြောက်ရမှန်း မသိတော့ပါဘူး။ နေ့စဉ်နဲ့အမျှ ကြည့်နေရတဲ့ ရုပ်ရှင်ကားတွေ၊ ဗီဒီယိုကားတွေမှာ သွေးရဲရဲ သံရဲရဲ ပြကွက်တွေချည်း တွေ့နေရတော့တာကိုး။ ကြာတော့လည်း ရိုးသွားတတ်တာ ဓမ္မတာပဲလေ။ ရိုးသွားရာက ယဉ်သွားဖို့သာ ရှိတော့တာပ။

ဒီခေတ်လူတွေရဲ့ မျက်စိထဲမှာက မမြင်အပ် မကြားအပ်တဲ့အရာဆိုတာ မရှိတော့ဘူး။ စာနယ်ဇင်းတွေထဲမှာလည်း သွေးသံရဲရဲပုံတွေ မြင်တွေ့နေရတာပဲ။ ဒီတော့ သတ်တာတို့ သေတာတို့ ဒီခေတ်မှာ ဘာမျှ မဆန်းတော့ဘူး။ အားလုံးရိုးနေပြီ။ မျက်စိက ကျင့်သားရနေပြီ။ စိတ်ကလည်း ယဉ်ပါးနေပြီလေ။

ရှေးခေတ် အနှစ်လေးငါးဆယ်က အမေရိကန် ရုပ်ရှင်ကားဟောင်းတွေ ပြန်ကြည့်မိတဲ့အခါမျိုးမှာ သူတို့ဆီက မိန်းမပျိုလေးတွေလည်း သူတို့ ခန္ဓာကိုယ် သန့်ရှင်းစင်ကြယ်မှုကို အလွန်အင်မတန်တန်ဖိုးထားတာ တွေ့ရတယ်။ လက်မထပ်ရသေးဘဲနဲ့ ကိုယ်ဝန်တွေ ဘာတွေရှိလာတာမျိုးဆိုရင်လည်း အိမ်ထဲက အိမ်ပြင်မထွက်ရဲအောင်ကို ဖြစ်ကြရတာပါ။ သတ်သေချင်စိတ်

mgyoe.com

mgyoe.com

ပေါက်အောင်လည်း ရှက်ကြတာပါ။ ရှေးကတော့ အနောက်တိုင်းမှာလည်း "အရှက်" ဆိုတာ ရှိတာပါပဲ။ ဟီရိဩတ္တပ္ပဆိုတာလည်း နားလည်ကြတာပါပဲ။ နောက်တော့မှသာ အရှက်ဆိုတာ ကွယ်ပျောက်သွားရတာပါ။ တန်ဖိုးဆိုတာတွေ ပြောင်းလဲကုန်ကြတာပါ။

ရက်စက်ကြမ်းကြုတ်တာ၊ ရိုင်းတာ၊ အရှက်ကင်းမဲ့တာကို လူတွေ ယဉ်ပါးသွားအောင် ရုပ်ရှင်တွေ၊ မီဒီယာတွေက လုပ်ပေးခဲ့ကြတာပဲလေ။ ယဉ်သွားပြီဆိုရင် ကြောက်စရာကို မကြောက်တတ်တော့ဘူး။ ရှက်စရာကို လည်း မရှက်တတ်တော့ဘူး။ မြို့ပြလူသားရဲ့နှာခေါင်းထဲမှာ ဒီဇယ်နံ့ကို နံမှန်း မသိတော့သလိုဖြစ်ရတာ နှာခေါင်းယဉ်သွားလို့ပဲ။ ရှက်စရာကို မရှက် တတ်တော့တာလည်း အရှက်ယဉ်ပါးသွားလို့ပဲ။ ယဉ်ပါးသွားတာဆို ဘယ်လို ယဉ်ပါးမှုမှ မကောင်းပါဘူး။ မရှက်တတ်တော့ဘဲ အရှက်ယဉ်ပါး ဖြစ်မှုကတော့ သိပ်ဆိုးပါတယ်။

[တေးကဗျာ၊ ၁၀– ၁၀– ၀၄]

❑

mgyoe.com

mgyoe.com

# မေမှာပွင့်တဲ့ ချယ်ရီ

"မေလကြီးမှာ ချယ်ရီတွေ ပွင့်တယ်ကွဲ့၊ ထူးဆန်းလိုက်တာ" မေ ၂၀ ရက်နေ့မှာ ပြင်ဦးလွင်က ဒေါ်ဒေါ် (လူထုအမေမာ) ဖုန်းဆက်ရင်း ပြောလိုက်တဲ့ စကားပါ။ ချယ်ရီဆိုတာက ဒီဇင်ဘာ ချမ်းတဲ့အေးတဲ့ရာသီမှာမှ ပွင့်တဲ့ဆောင်းပန်း။ ခုလို နွေခေါင်ခေါင်ကြီး ပွင့်တယ်ဆိုတော့ ထူးဆန်းတာပေါ့။

နောက်တစ်နေ့ တောင်ကြီးက ဖုန်းတစ်ခုလာတော့လည်း တောင်ကြီးမှာ ချယ်ရီတွေပွင့်တဲ့အကြောင်း သတင်းပေးပြန်တယ်။ အဲ့ဩလို့မဆုံးမီမှာပဲ အပြင်က ပြန်လာတဲ့သမီးက...

"အဖေရေ ထူးထူးဆန်းဆန်း ပိတောက်တွေ ထပ်ပွင့်နေတယ်"

လို့ ပြောတာ ကြားလိုက်ရပြန်တယ်။

ဒီနှစ်က တော်တော်ထူးဆန်းတဲ့နှစ်ပဲ။ မတ်လထဲ ရန်ကုန်မှာ လမ်းမပေါ်က အငွေ့တထောင်းထောင်းထအောင် ပူနေတုန်း မန္တလေးမှာ ဆီးကင်းလောက်ရှိတဲ့ မိုးသီးတွေကျပြီး မိုးကြီးသည်းထန်စွာရွာသတဲ့။ ပြင်ဦးလွင်မှာလည်း မိုးကြိုးပစ်လို့ တယ်လီဖုန်းစက်ခလုတ်ခုံထိပြီး ဖုန်းတွေ ပျက်ကုန်သတဲ့။

ပြင်ဦးလွင်က ဒေါ်ဒေါ်ရဲ့ "စိမ်းလန်းအေး" ခြံထဲမှာ သမီးကြီးပါမောက္ခ ဒေါက်တာမြမဋ္ဌုကိုယ်တိုင်စိုက်ထားတဲ့ ခတ္တာပွင့်အနီတွေ၊ အဖြူတွေလည်း အခါမဲ့မိုးကြီးကြောင့် ပွင့်ချိန်မတန်ခင်ပွင့်ကုန်ကြတယ်။ ဒါကြောင့် ဒေါ်ဒေါ်

mgyoe.com

mgyoe.com

ပြင်ဦးလွင်ရောက်တော့ ခတ္တာတွေက ကျကုန်ပြီး မနှစ်ကလို မလှတော့ဘူး။

ဒေါ်ဒေါ်က နှစ်စဉ် သင်္ကြန်မတိုင်မီ ပြင်ဦးလွင်ကို တက်မြဲဖြစ်တာကြောင့် သမီးကြီးက ခတ္တာတွေကို မတ်လကုန်လောက်မှ ရေလောင်းလေ့ရှိတယ်။ ဒေါ်ဒေါ်ရောက်ချိန်ဆို အပင်တွေ အားအကောင်းဆုံးအချိန်ရောက်ပြီး သိပ်မကြာမီမှာ အစွမ်းကုန်ပွင့်လေ့ရှိကြတယ်။ အိမ်ရှေ့တည့်တည့်က အဝိုင်းကလေးထဲမှာ အနီရောင်၊ အဖြူရောင်၊ စပ်ကြားရောင် ခတ္တာတွေ အပင်လေးငါးရာ တစ်ပြိုင်တည်း ပွင့်နေကြတဲ့အလှကို ဒေါ်ဒေါ်က အိမ်ထဲက တံခါးဝမှာ ထိုင်ရင်း ကြည့်ရှုခံစားလေ့ရှိတယ်။ ညနေငါးနာရီလောက် နေကျသွားချိန်မှာတော့ ခြံထဲ ဆင်းထိုင်ပြီး ရောင်စုံပွင့်နေကြတဲ့ နှင်းဆီပင်လေးငါးရာကို ကြည့်လေ့ရှိတယ်။

ဒီနှစ်တော့ မိုးက အစိုးမရလေတော့ အချိန်ကိုက် မဖြစ်တော့ဘူးလေ။ ခတ္တာတွေရဲ့အလှကို ကြွားချင်လွန်းလို့ မိသားစုတစ်ခုလုံးကို ခေါ်ပြီး သင်္ကြန်မတိုင်မီလာခဲ့တာ အလကားဖြစ်သွားရတယ်။ စံပယ်၊ မြတ်လေးနဲ့ ညမွှေးပန်းတွေ လှိုင်လှိုင်ကြီးပွင့်နေကြလို့သာ တော်တော့တယ်။ ကလေးတွေက မနက်စောစော ပန်းခူးရတာကို ပျော်နေကြလေရဲ့။ ရန်ကုန်မှာဆို ပန်းအိုးထဲထည့်ဖို့ မြေကြီးလေးကိုတောင် ကန်တော်ကြီးမြေပဒေသာကျွန်းသွားပြီး ဝယ်နေကြရတာ မဟုတ်လား။

ဘာပဲဖြစ်ဖြစ် မိုးရွာတာတော့ ကြိုက်ပါတယ်။ အပူချိန်တွေက မကြုံစဖူး၊ မကြားစဖူး ၁၁၀ တို့ ၁၁၂ တို့ထိအောင် တက်နေတာဆိုတော့ မိုးသာမရွာရင် လူတွေ ဘေးသင့်မှာတောင် စိုးရိမ်နေရတယ်။ မန္တလေးမှာ ၁၁၀ ဆိုတဲ့နေ့က ရန်ကုန်ကို မေးကြည့်လိုက်တော့လည်း ၁၁၀ ပဲတဲ့လေ။ အဲဒီအချိန် ပြင်ဦးလွင်မှာ အနွေးထည်ဝတ်နေရတယ်။ ညညဆိုလည်း စောင်တစ်ထည်တော့ ခြုံအိပ်မှရတယ်။ မိုးရွာရင်တော့ စောင်နှစ်ထပ်မခြုံလို့ မရတော့ဘူး။

ရန်ကုန်၊ မန္တလေး ၁၁၀ ဆိုတဲ့နေ့က မကွေးမှာ ၁၁၂ တဲ့။ ပြင်ဦးလွင်မှာ တော့ ၉၀ ပဲရှိတယ်။ မှတ်မိသလောက်တော့ ခပ်ငယ်ငယ်ကျောင်းသားဘဝက မန္တလေးမြို့ကြီးဟာ အလွန်ဆုံးပူလှမှ ၁၀၂၊ ၁၀၃ လောက်ပဲလို့ ထင်တယ်။ အဲဒါတောင်မှ ဆရာကြီးရွှေဥဒေါင်းက ပူလှချည်ရဲ့ လောင်လှချည်ရဲ့ တညည်း

mgyoe.com

ညည်း တညျုညျုလုပ်ပြီး မေမြို့ (ပြင်ဦးလွင်) တက်ပြေးတော့တာ။ ပြင်ဦးလွင်နဲ့ပတ်သက်ပြီး ဆရာကြီးရေးခဲ့တာလေးကို အလွမ်းပြေ ပြန်လည်ဖောက်သည်ချပါရစေ။

"၁၉၅၁ ခုနှစ်၌ နွေရာသီ နံနက်စောစောတွင် ပြင်ဦးလွင်သည် မန္တလေးမြို့ ပြာသိုလလောက်ပင် ချမ်းအေးသည်ဖြစ်၍ လောင်းကွတ်များ ဝတ်ကြရပါသေးသည်။

နံနက်စောစော၌ ယာဉ်များ အသွားအလာရှင်းခြင်း၊ လူသွားလူလာနည်းခြင်း၊ ကတ္တရာစေးလမ်းဖြစ်ခြင်း၊ လတ်ဆတ်သန့်ရှင်းသောလေကို ရှုရှိုက်ရခြင်းတို့ကြောင့် ပြင်ဦးလွင်သည် လမ်းလျှောက်သမားများ၏ နိဗ္ဗာန်ဖြစ်သည်ဟု ဆိုထိုက်ပေသည်။ စင်စစ်မှာ ကုန်းမြင့်ဒေသများဖြစ်သည့် တောင်ကြီး၊ ကလော၊ မိုးကုတ် စသော မြို့များအားလုံးသည် ပြင်ဦးလွင်ကဲ့သို့ပင် ဆိုခဲ့ပြီးသော ကောင်းခြင်းများနှင့်ပြည့်စုံခြင်းကို တွေ့ရ၍ ကျွန်ုပ်သည် ၎င်းမြို့များသို့ နွေရာသီတိုင်းတစ်လှည့်စီ သွား၍နေဖို့ ကြိုးစားလျက် ရှိပါသည်။ ၎င်းမြို့များ၌ ကျွန်ုပ်သည် နွေရာသီတွင် မန္တလေးနှင့် ရန်ကုန်မြို့များမှာထက် နှစ်ဆမျှ ပို၍ အလုပ်လုပ်နိုင်ခြင်းကို တွေ့ရသည်"

ဆရာကြီးရွှေဥဒေါင်းက *"တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ"* ဆိုတဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်ကြီးထဲမှာ ရေးခဲ့တာဖြစ်ပါတယ်။

ဆရာကြီးသွားခဲ့တဲ့ ပြင်ဦးလွင်နဲ့ အခုလက်ရှိ ပြင်ဦးလွင်ဟာ နှစ်ပေါင်း ၅၀ ကျော် ၆၀ နီးပါး ရှိပြီဖြစ်ပေမဲ့ ပစ္စုပ္ပန်ရစ်အရပ်က အိုအေစစ်လေးအဖြစ်တော့ ရှိနေဆဲပါပဲ။ တစ်နှစ်ထက်တစ်နှစ် အအေးဒီဂရီတွေကျပြီး အပူချိန်ပိုပိုလာလို့ ပြင်ဦးလွင်သူ ပြင်ဦးလွင်သားစစ်စစ်တွေက ညည်းနေကြပေမဲ့ မန္တလေးသားနဲ့ အောက်သူအောက်သားများအဖို့တော့ ညည စောင်မခြုံဘဲ မအိပ်နိုင်ကြသေးပါဘူး။

ပြင်ဦးလွင်ရဲ့အလှဟာ ပန်းတွေဖြစ်သလို ချမ်းအေးတဲ့အရသာလည်း ရှေ့တန်းက ပါဝင်ပါတယ်။ ဒီအလှတွေကို ထိန်းသိမ်းထားဖို့ အထူး အရေးတကြီး လိုအပ်ပါတယ်။ အခုတောင် လွန်ခဲ့တဲ့ နှစ် ၅၀ နဲ့စာရင် အပူချိန်ပိုနေပါပြီ။ ချယ်ရီပင်တွေလည်း ရှားပါးကုန်ပါပြီ။ ထင်းရှူးတောကြီးတွေ

mgyoe.com

လည်း သိပ်မတွေ့ရတော့ပါဘူး။ သစ်တောသစ်ပင်တွေကြောင့် ပြင်ဦးလွင်က အေးတာ၊ လှတာ မဟုတ်လား။ မေမှာ ချယ်ရီပွင့်တာ ကောင်းတော့ကောင်းပါတယ်။ ဒါပေမဲ့ ပုံမှန်တော့ မဟုတ်ဘူးထင်တယ်။

[၂၅ – ၅ – ၂၀၀၅]

❑

mgyoe.com

mgyoe.com

# နားစွင့်၊ မျက်စိဖွင့်ပြီး စောင့်ကြည့်

လူသတ္တဝါများဟာ အသက်ရှင်နေထိုင်နိုင်ဖို့အတွက် အမဲပစ်စားသောက်ပြီး ဂူတွေထဲမှာ နေထိုင်ခဲ့ကြတယ်။ နောက်တော့ တစ်ဆင့်တိုးတက်လာပြီး မြေကြီးကို ထွန်ယက်စိုက်ပျိုး စားသောက်တတ်လာတယ်။ အဲဒီတော့ မြေကြီးနဲ့ အိမ်ရာနဲ့ နေကြတယ်။ အဲဒီနောက်တော့ ရွာတည်ပြီး တခြားလူတွေနဲ့ စုဝေးနေထိုင်တတ်လာကြတယ်။ အဲဒီအဆင့်ရောက်မှ လူသတ္တဝါတွေကို **(civilized)**ယဉ်ကျေးလာတယ်လို့ သတ်မှတ်ကြတယ်။ သူတို့ စုဝေးနေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးကို ခြုံပြီး **(civilization)**ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းလို့ ခေါ်လေ့ရှိတယ်။

လူအများ စုဝေးနေထိုင်ကြတဲ့အခါမှာ စိုက်လို့ ပျိုးလို့ကောင်းတဲ့ မြေနေရာလုတာ၊ အမဲပစ်လို့ကောင်းတဲ့ စားကျက်လုတာ၊ မိန်းမလုတာစတဲ့ အငြင်းပွားမှုတွေ မလွဲမသွေ ပေါ်ပေါက်လာခဲ့ကြတယ်။ အဲဒီလို အငြင်းပွားမှုတွေကို ဖြေရှင်းပေးဖို့အတွက် အားလုံးသဘောတူတဲ့ အကြီးအမှူးတစ်ယောက်ကို ရွေးချယ်တင်မြှောက်ကြတယ်။ ရှေးဟောင်းမြန်မာ့သမိုင်းတွေ၊ မဟာဗုဒ္ဓဝင်တွေမှာ ပါလေ့ရှိတဲ့ မဟာသမ္မတမင်းဆိုတာမျိုးဖြစ်တယ်။ အဲဒီ အကြီးအမှူးက အငြင်းပွားမှုတွေကို ဖြေရှင်းဆုံးဖြတ်ပေးပြီး နောက်နောင် မဖြစ်ကြရလေအောင် စည်းကမ်းတွေ သတ်မှတ်ပေးထားတယ်။ စည်းကမ်းချိုးဖောက်သူများကို အပြစ်ပေးဖို့ ပြစ်ဒဏ်သတ်မှတ်ချက်တွေလည်း ပြဋ္ဌာန်း

mgyoe.com

mgyoe.com


ပေးရတယ်။ ဒါတင်မက စည်းကမ်းကို စောင့်ကြပ်ထိန်းသိမ်းဖို့ စည်းကမ်းထိန်းသိမ်းရေးမှူးတွေလည်း ခန့်ထားရတယ်။ နောင်ခေတ်တွေကျတော့ ခုံမင်းတို့ တရားသူကြီးတို့ ပုလိပ်တို့ ရဲတို့ဆိုတာတွေ ဖြစ်လာကြတာပေါ့။

လူ့ယဉ်ကျေးမှုတွေဟာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ထွန်းကားလာကြရာက စာအရေးအသား အတတ်ပညာလည်း မြေကြီးမှာ တုတ်နဲ့ခြစ်ပြီး အရုပ်ရေးပြရာက တစ်ဆင့်ပြီးတစ်ဆင့် အက္ခရာစာလုံးအဖြစ် တိုးတက်လာခဲ့တယ်။ အဲဒီနောက်တော့ ပုံနှိပ်အတတ်ပညာတို့ စက္ကူလုပ်တဲ့ အတတ်ပညာတို့ ထွန်းကားလာရာက စာနယ်ဇင်းတွေ ပေါ်ပေါက်လာခဲ့တယ်။ လူ့အဖွဲ့အစည်းကြီးကလည်း တစ်ခေတ်ပြီးတစ်ခေတ် တိုးတက်ထွန်းကားခဲ့တာ နောက်ဆုံးအဆင့်ရောက်တော့ အုပ်ချုပ်ရေးအဖွဲ့၊ တရားဥပဒေထိန်းသိမ်းရေးအဖွဲ့၊ ဥပဒေရေးဆွဲပြဋ္ဌာန်းရေးအဖွဲ့ဆိုတဲ့ အဖွဲ့ကြီးသုံးဖွဲ့၊ မဏ္ဍိုင်ကြီးသုံးခုနဲ့ စီမံခန့်ခွဲတဲ့အဆင့်ကို ရောက်ရှိလာခဲ့ပါတယ်။ ဟိုးရှေးရှေးခေတ်များကတော့ ဒီအဖွဲ့ကြီးသုံးခုကို ဘုရင်ဧကရာဇ်က ရွေးချယ်ခန့်ထားပြီး ဘုရင်ဧကရာဇ်ရဲ့ အလိုအတိုင်း ဆောင်ရွက်ကြရတာဖြစ်ပေမဲ့ မျက်မှောက်ခေတ်မှာတော့ ဒီအဖွဲ့ကြီးသုံးဖွဲ့ကို ပြည်သူလူထုက ဆန္ဒပေး ရွေးချယ်ခန့်ထားကြပါတယ်။ အဲဒါကြောင့် ပြည်သူလူထုဟာ အာဏာပိုင်ဖြစ်တယ်လို့ ဆိုကြပါတယ်။

ပြည်သူလူထုက သီးခြားစီ ရွေးချယ်ခန့်ထားတဲ့ အဲဒီအဖွဲ့ကြီးသုံးဖွဲ့ဟာ လုပ်ပိုင်ခွင့် တန်းတူရည်တူ ရှိကြပါတယ်။ အဲဒါကြောင့် မဏ္ဍိုင်ကြီးသုံးရပ်လို့ခေါ်ခဲ့ကြတာ ဖြစ်တယ်။ အိမ်ဆောက်တဲ့အခါ တိုင်သုံးလုံးတည်းထူလို့မဖြစ်ပါဘူး။ တိုင်လေးလုံးထူမှ အိမ်ဖြစ်ပါတယ်။ အလားတူပဲ နိုင်ငံတစ်ခု ထူထောင်ရာမှာလည်း တိုင်ကြီးလေးလုံး (မဏ္ဍိုင်ကြီးလေးခု) ရှိနေပါမှ မယိမ်းမယိုင် ခိုင်မြဲပြီး အရှည်တည်တံ့နိုင်ပါတယ်။ လိုအပ်နေတဲ့ စတုတ္ထတိုင်ကြီးရဲ့နေရာကို စာနယ်ဇင်းများက ဝင်ရောက်ယူဖို့ ပြည်သူလူထုကပဲ သတ်မှတ်ပေးတာ ဖြစ်ပါတယ်။ ရှိရင်းစွဲ အဖွဲ့ကြီးသုံးဖွဲ့နဲ့ တန်းတူညီမျှရှိပါမှ လုပ်ငန်းဆောင်ရွက်လို့ဖြစ်မှာကြောင့် နိုင်ငံရဲ့ ပန္နက် (ဘလူးပရင့်) လို့ဆိုနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ စတုတ္ထမဏ္ဍိုင်ရဲ့ နေရာနဲ့လုပ်ငန်း တာဝန်များကို ထည့်သွင်းပြဋ္ဌာန်းပေးထားကြပါတယ်။ အဲဒါကြောင့် အုပ်ချုပ်ရေး

mgyoe.com

mgyoe.com


အဖွဲ့၊ တရားဥပဒေထိန်းသိမ်းရေးအဖွဲ့၊ ဥပဒေပြုရေးအဖွဲ့မှာလည်း ကြီးလေးတဲ့တာဝန်များ ရှိပါတယ်။

ဒီအဖွဲ့ကြီးလေးဖွဲ့ တာဝန်ကျေရင် ကျေသလောက် နိုင်ငံတည်ငြိမ်အေးချမ်းပါတယ်။ ဘယ်တိုင်ဖြစ်ဖြစ် တိုင်တစ်ခုမှာ ပိုးထိုးလို့ ယိုင်နဲ့လာပြီဆိုရင် အဲဒီတိုင်ကို ချက်ချင်းနုတ်ပစ်ပြီး တိုင်သစ်ထည့်ရပါတယ်။ နှောင့်နှေးသွားရင် တခြားတိုင်တွေကိုပါ ယိုခ်က်သွားမှာ သေချာပါတယ်။

စာနယ်ဇင်းသမားဖြစ်တာကြောင့် စာနယ်ဇင်းအကြောင်းပဲ ပြောပါတယ်။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းရဲ့ တာဝန်ဝတ္တရားနဲ့ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကို ပြည်သူလူထုက ပြဋ္ဌာန်းပေးအပ်ထားတာဖြစ်လို့ စာနယ်ဇင်းတိုင်း၊ စာနယ်ဇင်းသမားတိုင်း ပြည်သူလူထုအပေါ် တာဝန်ကျေရမှာဖြစ်ပါတယ်။ စာနယ်ဇင်းတိုင်း ပြည်သူလူထုအတွက် လိုအပ်တဲ့ သတင်းအချက်အလက်များကို ရှာဖွေပေးရုံမက ပြည်သူလူထုကြီးရဲ့ အကျိုးစီးပွားမှန်သမျှကိုလည်း ကာကွယ်စောင့်ရှောက်ပေးရပါတယ်။ ဒါ့အပြင် ပြည်သူလူထုကြီးရဲ့ကိုယ်စား မလျော်မကန် ဖောက်လွှဲဖောက်ပြန် ဖြစ်ပျက်နေသမျှကိုလည်း စောင့်ကြပ် ကြည့်ရှုပေးရပါသေးတယ်။ အဲဒါကြောင့် ကမ္ဘာကျော်စာရေးဆရာမကြီး ရီဘက်ကာဝက်စ်က...

"လူတစ်ယောက်မှာ ကိုယ် ဘယ်ကိုသွားနေတာလဲဆိုတာ ကြည့်ဖို့ မျက်စိလိုအပ်သလို သတင်းကိုလည်း လိုအပ်တယ်"

လို့ ရေးခဲ့တာဖြစ်ပါတယ်။ စာနယ်ဇင်း၊ စာနယ်ဇင်းသမားဆိုတာ နိုင်ငံရဲ့ နားမျက်စိဖြစ်တယ်လို့ ရှေးလူကြီးများ ပြောခဲ့တာရှိပါတယ်။ အမေရိကန် သတင်းစာဆရာကြီး ဂျိုးဇက်ပူလစ်ဇာဟာ ၁၈၈၃ ခုနှစ်မှာ နယူးယောက်က ***The World***သတင်းစာကို ဝယ်ယူထုတ်ဝေခဲ့ပါတယ်။ အဲဒီနှစ် မေ ၁၁ ရက်မှာ စတင်ထုတ်ဝေတဲ့ သတင်းစာမှာ ပူလစ်ဇာက သူ့သတင်းစာရဲ့ဝါဒကို ဒီလို ထုတ်ဖော်ကြေညာခဲ့ပါတယ်။

"ကြီးကျယ်ပြီး ဂုဏ်ရောင်ပြောင်တဲ့ ဒီမြို့တော်ကြီးမှာ ဈေးနှုန်းချိုသာရုံသာမက တောက်ပြောင်တဲ့၊ တောက်ပြောင်ရုံမက ကြီးကျယ်တဲ့၊ ကြီးကျယ်ရုံမက စစ်မှန်တဲ့၊ ဒီမိုကရေစီကျတဲ့၊ ငွေရှင်ကြေးရှင်တို့ရဲ့ အကျိုးစီးပွားထက် ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဦးထိပ်

mgyoe.com

mgyoe.com


ထားတဲ့၊ ကမ္ဘာဟောင်းရဲ့ သတင်းတွေထက် ကမ္ဘာသစ်ရဲ့သတင်းတွေကို ဦးစားပေးတဲ့၊ လိမ်ညာလှည့်ဖြားမှုတွေ အတုအယောင်တွေကို ဖော်ထုတ်ဖွင့်ချတဲ့၊ မကောင်းမှုဒုစရိုက်မှုန်သမျှ အလွဲသုံးစားမှုမှန်သမျှကို ဖော်ထုတ်ဖွင့်ချတဲ့၊ ပြည်သူလူထုအကျိုးကို သယ်ပိုးပြီး ပြည်သူအတွက် ရိုးသားစွာ တိုက်ပွဲဝင်တဲ့ သတင်းစာတစ်စောင်အတွက် နေရာရှိပါတယ်။ အဲဒီအကျိုးစီးပွားတွေအတွက် သက်သက် ***The World*** သတင်းစာ ပေါ်ထွက်လာပါပြီ" လို့ ရေးသားခဲ့ပါ တယ်။

ဒီရေးသားချက်ဟာ စာနယ်ဇင်းသမားတို့ရဲ့တာဝန်၊ အခြေခံအကျဆုံး တာဝန်ကို မီးမောင်းထိုးပြလိုက်တာ ဖြစ်ပါတယ်။ စာနယ်ဇင်းဆိုတာ ပြည်သူလူထုအတွက် နားမျက်စိသဖွယ် အရာရာကို နားစွင့်ပြီး စောင့်ကြည့်နေရသူဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

[News Watch၊ ၁၄ – ၁၁ – ၀၅]

❑

mgyoe.com

mgyoe.com

# ဂလိုဘယ်ခေတ်၊ မကျက်တကျက် အာလူးဖုတ်နဲ့ မြန်မာ စာရေးဆရာရဲ့တာဝန်

"မြန်မာစာပေကို ကမ္ဘာသိအောင် အင်္ဂလိပ်လို ရေးကြဖို့လိုတယ်" စာတတ်ပေတတ် ပညာတတ်လူငယ်လေးတွေနဲ့ စကားလက်ဆုံကျမိတဲ့ အခါတိုင်း ဒီစကားကို ကြားရတတ်ပါတယ်။ သူတို့က မြန်မာစာရေးဆရာ တွေဟာ "ဝါးလုံးခေါင်းထဲ လသာသလို" ကိုယ့်နေရာကျဉ်းကျဉ်းကလေးထဲ အစွမ်းပြနေရတာလေးကိုပဲ အဟုတ်ထင်ပြီး ကျေနပ်နေကြကြောင်း၊ အိမ်နီး ချင်း တရုတ်၊ အိန္ဒိယက စာရေးဆရာတွေ၊ စာရေးဆရာမတွေ ခုတစ်လော ကမ္ဘာမှာ ကျော်ကြားနေကြတာတွေကို အားကျအတုယူပြီး အင်္ဂလိပ်လိုရေး နိုင်အောင် ကြိုးစားသင့်ကြတယ်လို့ ပြောကြပါတယ်။

"မြန်မာစာရေးဆရာတွေဟာ မြန်မာနိုင်ငံအတွက်၊ မြန်မာလူမျိုးတွေ အတွက် အကျိုးရှိစေနိုင်တဲ့စာမျိုးတွေ လုံလုံလောက်လောက် ရေးပြီးခဲ့ကြ ပြီလား၊ ရေးပြီးခဲ့လို့ ကမ္ဘာသူကမ္ဘာသားတွေအတွက် တိုးချဲ့စဉ်းစားတာလား" ဒီမေးခွန်းကို မေးလိုက်တဲ့အခါမှာလည်း အဲဒီလူငယ်တွေမှာ ဖြေစရာ အသင့်ရှိနေကြပါတယ်။

"စာပေနဲ့ အနုပညာမှာ နယ်ခြားမျဉ်းတွေ မရှိပါဘူး။ ခုခေတ်က "ကမ္ဘာပြုမှုခေတ်"(ဂလိုဘယ်လိုက်ဇေးရှင်းခေတ်) ဖြစ်နေပြီ။ ကျဉ်းမြောင်းတဲ့

mgyoe.com

mgyoe.com


လူမျိုးရေးအမြင်တွေ ရှိနေဖို့ မသင့်တော်တော့ဘူး။ သူ့လူမျိုး၊ ငါ့လူမျိုးဆိုတဲ့ စိတ်တွေနေရာမှာ ကမ္ဘာ့ရွာသူ ရွာသားများဆိုတဲ့အမြင်မျိုးနဲ့ ကြည့်တတ်ဖို့လိုပြီ။ လူသားတွေကို အကျိုးပြု နေရာ ဘယ်နေရာက ဘယ်လူသားကိုပဲ အကျိုးပြုပြု မှန်တဲ့ကောင်းတဲ့လုပ်ရပ် ဖြစ်တယ်"

နားထောင်လို့တော့ အင်မတန်ကောင်းပါတယ်။ ကျဉ်းမြောင်းတဲ့ လူမျိုးရေးစိတ်တွေ မရှိတော့ဘူး။ အားလုံး ကမ္ဘာသူကမ္ဘာသားတွေချည်းပဲ။ လူဖြူလည်း လူပဲ။ လူမည်းလည်း လူပဲ။ လူညို လူဝါတွေလည်း လူပဲ။ ဘယ်ဒေသက ဘယ်လူသားကိုပဲ အကျိုးပြုပြု ကောင်းတာပဲ။ ပြီးတော့ ဂလိုဘယ်ခေတ်၊ အိုင်တီခေတ်မှာ နယ်နိမိတ်မျဉ်းကြောင်းတွေဟာ အဓိပ္ပာယ် မရှိတော့ဘူး။ အိုင်တီပညာက ကမ္ဘာ့သံကွန်ချာတံတိုင်းကြီးတွေကို ထိုးဖောက်ကျော်ဖြတ်နိုင်စွမ်းရှိနေပြီ။ အဲဒါကြောင့် လူမျိုးရေးအမြင်တွေ မရှိသင့်တော့ဘူး။ နားထောင်ကောင်းသလောက် စိတ်ကူးယဉ်လို့လည်း ကောင်းပါတယ်။ ဒါပေမဲ့ သူတို့ပြောကြသလို လက်တွေ့အမှန်တကယ်ဖြစ်နေပြီလား။ ဖြစ်ကောဖြစ်နိုင်မှာလား။ စဉ်းစားစရာတွေ တစ်ပုံကြီးပါပဲ။

ဂလိုဘယ်ခေတ်မို့ နယ်နိမိတ်တွေ မရှိတော့ဘူး။ လူတွေ၊ ကုန်စည်တွေ လွတ်လပ်စွာ ကူးလူးဆက်သွယ်ခွင့် ရှိနေပြီတဲ့။ အဲဒါတကယ်ပဲလား။ မနေ့တစ်နေ့ကပဲ သတင်းစာတွေထဲမှာ တရုတ်ပြည်က အထည်အလိပ်တွေ အမေရိကန်နိုင်ငံထဲ ဒလဟော ဝင်ရောက်လာနေတာ တားဆီးဖို့ လွှတ်တော်မှာ အကြီးအကျယ် ဆွေးနွေးနေကြတာ ဖတ်လိုက်ရသေးတယ်။ တောင်အမေရိကနဲ့ ခရစ်ဘီယန်ကျွန်းစုတွေက ငှက်ပျောသီးနဲ့ သရက်သီးတွေကို အမေရိကန်က သွင်းခွင့်ပမာဏ လျှော့ချကန့်သတ်လိုက်လို့ အဲဒီနိုင်ငံလေးတွေက ဒေါသတကြီး တုံ့ပြန်နေသံတွေ ကြားလိုက်ရသေးတယ်။

ဒါ့အပြင် ဂျပန်နိုင်ငံကလည်း သူ့နိုင်ငံထဲကို အမေရိကန် ကွန်ပျူတာ လုပ်ငန်းကြီး ထိုးဖောက်ဝင်ရောက်လာတာကို ကန့်သတ်ထားလို့ စကားများနေကြရသေးတယ်။ ဒါက ကုန်သွယ်ရေးကိစ္စ။

ကမ္ဘာသူ ကမ္ဘာသား၊ ကမ္ဘာ့လူသား ဆိုတဲ့ကြွေးကြော်သံတွေဘက်ကို ကြည့်ဦးမလား။ နိုင်ငံကြီးတွေက လူတိုင်းဟာ သူတို့သွားချင်ရာကို လွတ်လွတ်လပ်လပ် သွားလာဝင်ထွက်ခွင့် ရှိနေကြပေမဲ့ နိုင်ငံငယ်ကလေးတွေက

mgyoe.com

လူတွေကိုကျတော့ သူတို့နိုင်ငံတွေကို အလွယ်တကူ ဝင်ထွက်ခွင့်ပေးရဲ့လား။ သူတို့နိုင်ငံကြီးသားတွေက ပိုက်ဆံရှိရင် တိုးရစ်အဖြစ် သွားချင်ရာ သွားလို့ရသလို နိုင်ငံငယ်က လူတွေကို သူတို့နိုင်ငံကြီးတွေက တိုးရစ်ဗီဇာပေးတဲ့ အစဉ်အလာတောင် ရှိရဲ့လား။ မြန်မာနိုင်ငံက မိသားစုလေးတစ်ခုဟာ မြန်မာနိုင်ငံမှာ မိဘညီအစ်ကိုမောင်နှမတစ်ယောက်မှ မရှိတော့ပါဘူး။ ရှိသမျှ ဆွေမျိုးသားချင်းအားလုံး အမေရိကန်နိုင်ငံကို ရောက်နေကြပါပြီ။ ဆွေမျိုးတွေက အကြိမ်ကြိမ်ခေါ်ကြလွန်းလို့ အင်မီးဂရန့် ဗီဇာလျှောက်ပြီ ဆိုပါတော့၊ သူတို့ဟာ ဗီဇာရဖို့ အနည်းဆုံး ၁၀ နှစ် ၁၂ နှစ် စောင့်နေရလေ့ရှိပါတယ်။ ဂလိုဘယ်ခေတ်၊ ကမ္ဘာ့ရွာခေတ်မှာ နယ်နိမိတ်မျဉ်းကြောင်းတွေဟာ အဓိပ္ပာယ်မရှိတော့ဘူးဆိုတာ နိုင်ငံငယ်လေးတွေအတွက်တော့ လုံးဝမမှန်ပါဘူး။ အဓိပ္ပာယ်ကြီးကြီးမားမားကြီးကို ရှိပါတယ်။

"မြန်မာစာပေကို ကမ္ဘာသိအောင် အင်္ဂလိပ်လို ရေးကြဖို့ လိုတယ်" ဆိုတဲ့ ပြောစကားက ဂလိုဘယ်ခေတ်ဆိုတဲ့စကား တွင်ကျယ်လာတဲ့နောက်မှာ ကပ်ပါလာတာပါ။ ကမ္ဘာကျော် ဂန္ထဝင်စာပေစာရင်းဝင် တော်စတွိုင်းတို့၊ ဂေါ်ကီတို့၊ ချက်ကော့တို့ရဲ့စာတွေဟာ အင်္ဂလိပ်ဘာသာနဲ့ ရေးခဲ့ကြတာ မဟုတ်ပါဘူး။ သူတို့ မိခင်ဘာသာစကား ရုရှားဘာသာနဲ့ ရေးခဲ့ကြတာပါ။ တရုတ်စာရေးဆရာကြီး လူရှင့်တို့၊ တုဖုတို့ လောရှေ့တို့ စာတွေလည်း တရုတ်ဘာသာနဲ့ ရေးခဲ့ကြတာပါပဲ။ ပြင်သစ် ဇိုလာတို့၊ မောလျဲတို့၊ မိုးပါဆွန့်တို့၊ ယဉ်းပေါ်ဆက်တို့၊ ဆီမွန်ဒီဘူဗွာဒါးတို့ စာတွေလည်း သူတို့ မိခင် ဘာသာစကားနဲ့ ရေးခဲ့ကြတာပါပဲ။ သူတို့ရေးခဲ့ကြတဲ့ စာတွေဟာ ကောင်းလွန်းလို့ တခြားနိုင်ငံတွေက အင်္ဂလိပ်ဘာသာပြန်ပြီး ထုတ်ဝေခဲ့ကြတာပါ။

စာရေးဆရာတွေအနေနဲ့ ကိုယ့်ဘာသာစကားနဲ့ပဲ အကောင်းဆုံးစာတွေ ရေးနိုင်အောင် ကြိုးစားအားထုတ်ကြဖို့သာ လိုပါတယ်။ စာပေအရာမြောက်လို့ လူရှိသေ ရှင်ရိုသေဖြစ်လာရင် တခြားနိုင်ငံသားတွေက အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ရုရှား၊ ပြင်သစ်၊ စပိန် စတဲ့ ဘာသာအသီးသီးကို ပြန်ဆိုထုတ်ဝေကြမှာပဲ။ မပူပါနဲ့။ ဒီအလုပ်မျိုးကို သူတို့နိုင်ငံတွေမှာ တက္ကသိုလ်ပညာရှင်တွေက ဖောက်ချလုပ်နေကြသလို တက္ကသိုလ်တွေကလည်း ပံ့ပိုး

mgyoe.com


ထုတ်ဝေကြပါတယ်။

အင်္ဂလိပ်လို ရေးနိုင်သူများ ရေးကြပါစေ။ ဒါကို စာရေးဆရာတိုင်းက မဟာတာဝန်ကြီးတစ်ရပ်အဖြစ် သဘောထားပြီး လုပ်ကိုင်နေဖို့မလိုဘူးလို့သာ ဆိုလိုတာပါ။ စာရေးဆရာရဲ့တာဝန်က အကောင်းဆုံး စာတွေရေးထုတ်နိုင်အောင် ကြိုးစားဖို့သာ ဖြစ်ပါတယ်။ စာ တကယ်ကောင်းရင် နိုင်ငံတိုင်းက သူတို့ဘာသာတွေ ပြန်ဆိုထုတ်ဝေချင်ကြမှာချည်းပါ။

ဒီနေရာမှာ ဘယ်လိုစာအုပ်မျိုးတွေကို သူတို့ ဘာသာပြန်လေ့ရှိသလဲ ဆိုတာလေးကို ပြောပြချင်ပါတယ်။ နိုင်ငံခြားက စာတစ်အုပ်ကို ဘာသာပြန်ထုတ်ဝေရာမှာ ဘာသာပြန်သူနဲ့ ထုတ်ဝေသူတို့က အဲဒီစာအုပ်ဟာ အဲဒီနိုင်ငံနဲ့ လူမျိုးရဲ့ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ အတွေးအခေါ်တွေကို ဘယ်လောက်ထိ ထင်ဟပ်ဖော်ပြမှု ရှိသလဲဆိုတဲ့အချက်ကို အဓိကထားပြီး စဉ်းစားရွေးချယ်လေ့ရှိပါတယ်။ စာပေဆိုင်ရာ နိုဘဲယ်ဆု ရွေးချယ်ရေးအဖွဲ့က နိုဘဲယ်ဆုပေးဖို့ ရွေးချယ်ရာမှာလည်း ခုပြောခဲ့တဲ့အချက်တွေနဲ့ ချိန်ထိုးပြီး လေ့လာသုံးသပ်ပြီး ရွေးချယ်ခြင်းပြုတာ ဖြစ်တယ်။

အဲဒီတော့ ကျွန်တော်တို့ မြန်မာစာရေးဆရာများက စာရေးတဲ့အခါမှာ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံရဲ့ ဖြစ်တည်နေမှု၊ ပကတိလူနေမှုဘဝ၊ ဓလေ့ထုံးစံ ယဉ်ကျေးမှု စတဲ့အချက်တွေကို အမှန်ကန်ဆုံး ထင်ဟပ်ဖော်ပြနိုင်အောင် ကြိုးစားကြဖို့ပဲ ရှိပါတယ်။

ဂလိုဘယ်စကားလုံး တွင်ကျယ်ချိန်မှာ သေသေချာချာ ရေရေရာရာလည်း ဂလိုဘယ်အကြောင်း သိတာမဟုတ်ဘဲနဲ့ "ပါလေရာငါးပိချက်" ဝင်လုပ်တတ်သူ "မကျက်တကျက် အာလူးဖုတ်" တချို့က လူမျိုးတို့၊ နိုင်ငံတို့ဆိုတာ ကျဉ်းမြောင်းလွန်းတယ်။ ကမ္ဘာနဲ့ချီပြီး စဉ်းစားရမယ်။ ကမ္ဘာ့လူသားတွေအတွက် အကျိုးပြုနေရင် ပြီးတာပဲ။ Humanity(လူသားအားလုံး) ဆိုတာပဲ ကြည့်ရမယ်လို့ ပြောတတ်ကြပါတယ်။

တကယ်ကတော့ ဒါဟာ ကိုယ့်အားနည်းချက်ကို ကာကွယ်ဖို့ "မိုးကြိုးပစ်တာ ထန်းလက်နဲ့ကာ" တဲ့ ဆင်ခြေဆင်လက်သာ ဖြစ်တယ်။ ကိုယ်နေထိုင်နေတဲ့ လူ့အဖွဲ့အစည်းနဲ့ ကိုယ့်လူမျိုး၊ ကိုယ့်ရပ်ကိုယ့်ရွာဆိုတာလေးလောက်တောင်မှ အကျိုးမပြုနိုင်တဲ့သူများက ကမ္ဘာ့လူသားများ

mgyoe.com

အတွက် အကျိုးပြုမယ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ ဘယ်သူကကော ယုံကြည်မှာလဲ။

မြန်မာလူမျိုး၊ မြန်မာစာရေးဆရာရဲ့ အဓိကတာဝန်ဟာ မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးကို အကျိုးပြုဖို့ပဲ ဖြစ်တယ်။ ပြီးတော့ မြန်မာလူမျိုးတွေဖတ်ဖို့ စာတွေ ရေးသားဖို့ပဲ ဖြစ်တယ်။

[News Watch၊ ၂၄ – ၂ – ၀၆]

❑

mgyoe.com

mgyoe.com

# လူကြီးလူကောင်းစိတ်

လိုချင်တဲ့စာတစ်အုပ်ရှာရင်း လေးတန်းကျောင်းသားဘဝက သင်ခဲ့ရတဲ့ အင်္ဂလိပ်ဖတ်စာအုပ်လေးတစ်အုပ်တွေ့တာနဲ့ ထုတ်ယူထားလိုက်ပါတယ်။ ***The Oxford English Course. Reading Book Four*** ဖြစ်ပါတယ်။ ပြုစုသူက ဒေါက်တာ **Lawrence Fawcett** ဖြစ်ပြီး ၁၉၄၈ ခုနှစ်က အင်္ဂလန်မှာ ရိုက်နှိပ်ထားတာပါ။

ညကျတော့ စာအုပ်ကလေးကို လှန်လှောဖတ်ကြည့်ရင်း ဝါတာလူးစစ်ပွဲမှာ နပိုလီယန်ကို အနိုင်တိုက်ခဲ့တဲ့ အင်္ဂလိပ် စစ်ဗိုလ်ချုပ်ကြီးတစ်ယောက်၊ လယ်စာရင်းငှားလေးတစ်ယောက်ကို အရှုံးပေး အညံ့ခံသွားရတဲ့ သင်ခန်းစာကို ဖတ်မိပါတယ်။ အဲဒီက ဆက်နွယ်ပြီး ဒီစာကို ရေးဖြစ်ခဲ့ပါတယ်။

နယ်စားကြီး ဝယ်လင်တန် ၁၇၆၉ – ၁၈၅၂ ဟာ ဝါတာလူးစစ်ပွဲမှာ နပိုလီယန်ကို အနိုင်ယူ ချေမှုန်းနိုင်ခဲ့ပါတယ်။ စစ်ပြီးသွားတော့ သူဟာ အပိုင်စားရတဲ့နယ်ကို ပြန်နေပြီး မိတ်ဆွေများနဲ့ တောလိုက်ထွက်လိုက်၊ စားလိုက်သောက်လိုက်နဲ့ ပျော်ပျော်ပါးပါး နေထိုင်ခဲ့ပါတယ်။

တစ်ခါတော့ ဝယ်လင်တန်နဲ့ အဖော်တစ်စု တောလည်ထွက်ရင်း လယ်တောကြီးတစ်ခုနား ချဉ်းကပ်လာပါတယ်။ သူတို့လာတာမြင်တော့ လယ်ပိုင်ရှင်က စာရင်းငှား ကလေးငယ်တစ်ယောက်ကို တံခါးပိတ်ထားခိုင်းလိုက်ပါတယ်။ ဘယ်သူဖွင့်ခိုင်း ဖွင့်ခိုင်း မဖွင့်နဲ့လို့လည်း မှာလိုက်ပါတယ်။

mgyoe.com

mgyoe.com

တောလည်သူတွေဟာ သားကောင်နောက်ကို မြင်းတွေ ခွေးတွေနဲ့ တရကြမ်း လိုက်ကြရင်း လယ်ယာစိုက်ခင်းတွေ ပျက်စီးစေပါတယ်။ ဒါကြောင့် လယ်ပိုင်ရှင်က ဝင်းတံခါးပိတ်ခိုင်းတာ ဖြစ်တယ်။

နယ်စားဗိုလ်ချုပ်ကြီး ဝယ်လင်တန်အဖွဲ့ ဝင်းတံခါးနားရောက်တော့ စာရင်းငှားလေးက တံခါးရှေ့က မားမားကြီးရပ်ပြီး စောင့်ကြည့်နေပါတယ်။ ဝယ်လင်တန်က တံခါးအမြန်ဖွင့်ဖို့ စေခိုင်းတော့ စာရင်းငှားလေးက ဖွင့်မပေးပါဘူး။ သူ့ဆရာက ဘယ်သူ့ကိုမှ ဖွင့်မပေးရဘူးလို့ အမိန့်ပေးထားကြောင်း ပြန်ပြောလိုက်ပါတယ်။ ဝယ်လင်တန်ရဲ့အဖော်တွေကလည်း တစ်ယောက်တစ်ပေါက် ဝင်ပြီး အမိန့်ပေးကြပါတယ်။ တစ်ဦးကတော့ ကြာပွတ်နဲ့ ရိုက်မယ်လို့တောင် ခြိမ်းခြောက်ပါတယ်။ စာရင်းငှားလေးက ဖွင့်မပေးဖို့ သူ့ဆရာက အမိန့်ပေးထားကြောင်း၊ ဒီအမိန့်ကိုသာ သူ နာခံရမှာ ဖြစ်ကြောင်း ပြောပါတယ်။

တောလည်အဖွဲ့သားတွေထဲက သနားကြင်နာတတ်ပုံရှိသူတစ်ဦး ရှေ့တိုးထွက်လာပါတယ်။ အဲဒီနောက် ရွှေဒင်္ဂါးတစ်ပြားကို အိတ်ထဲက နှိုက်ထုတ်ပြီး စာရင်းငှားလေးဆီ ကမ်းပေးလိုက်တယ်။ တံခါးဖွင့်ပေးဖို့လည်း ပြောလိုက်တယ်။ ရွှေဒင်္ဂါးတစ်ပြားဆိုတာ စာရင်းငှားလေးရဲ့တစ်လစာ လုပ်ခထက် အများကြီးများနေတာကို သိပေမဲ့သူက တံခါးဖွင့်ပေးဖို့ ငြင်းဆန်လိုက်ပြန်တယ်။

အဲဒီအခါ နယ်စားဗိုလ်ချုပ်ကြီးကိုယ်တိုင် မြင်းကြီးနဲ့ ရှေ့တိုးထွက်လာပြီး...

"ကျုပ်က နယ်စားကြီး ဝယ်လင်တန်ပါကွဲ့။ ကျုပ်ပေးတဲ့ အမိန့်ကို မနာခံဘူးပြောတာ တစ်ခါမှ မကြုံဖူးသေးဘူး။ အခု ကျုပ် အမိန့်ပေးတယ်။ တံခါးဖွင့်ပြီး ကျုပ်တို့ကို ဖြတ်သန်းခွင့်ပေးပါ" လို့ ပြောလိုက်တယ်။

စာရင်းငှားလေးက ကမ္ဘာတစ်ဝန်းလုံးမှာ ကျော်ကြားနေတဲ့ စစ်ဗိုလ်ချုပ်ကြီးရဲ့မျက်နှာကို မော့ကြည့်လိုက်တယ်။ အဲဒီနောက် ဦးညွှတ်အရိုအသေ ပေးလိုက်ပြီး–

"နယ်စားကြီး ဝယ်လင်တန်ဟာ ကျွန်တော့်ကို အမိန့်မနာခံနဲ့လို့ ပြောလိမ့်မယ် မထင်ပါဘူး။ ကျွန်တော့်ကို တံခါးပိတ်ထားဖို့ အမိန့်ပေးထားပါ

mgyoe.com

mgyoe.com

တယ်။ ဒီမှာ အမိန့်ကိုနာခံဖို့ ကျွန်တော် သန္နိဋ္ဌာန်ချထားပါတယ်"

စာရင်းငှားလေးရဲ့စကားကို ကြားတော့ နယ်စားကြီးဟာ အံ့အားသင့်သွားတယ်။ ကျေလည်း ကျေနပ်သွားတယ်။

"ဒီကလေးလို ခြောက်လို့လည်း မရ၊ ပိုက်ဆံပေးလို့လည်း မရတဲ့ စစ်သားမျိုးတွေနဲ့ စစ်တပ်ကြီးတစ်တပ်သာရှိရင် ကျုပ် ကမ္ဘာကြီးတစ်ခုလုံးကို စိုးမိုးနိုင်တယ်"

နယ်စားဗိုလ်ချုပ်ကြီးဟာ ကျေနပ်ပီတိဖြစ်တဲ့မျက်နှာနဲ့ နောက်ကြောင်းပြန်လှည့်သွားတယ်။ အဲဒီလို လှည့်သွားရင်းက–

"ဆရာ ဆရာ၊ နပိုလီယန် မလုပ်နိုင်ခဲ့တာကို ကျွန်တော် လုပ်နိုင်ခဲ့ပြီ၊ နယ်စားဗိုလ်ချုပ်ကြီး ဝယ်လင်တန်ကို ကျွန်တော် နောက်ပြန်ဆုတ်သွားအောင် လုပ်နိုင်ခဲ့ပြီ"

လို့ စာရင်းငှားလေးက သူ့ဆရာလယ်ပိုင်ရှင်ကို လှမ်းအော်ပြောလိုက်တာကို ကြားလိုက်ရပါတယ်။

ဒီစာလေးကို ဖတ်လိုက်မိတော့ လူကြီးလူကောင်းစိတ် **(gentleman-ship)** ဆိုတာ ဒါမျိုးပါလားလို့ ကြည်နူးစိတ်နဲ့ ရေရွတ်လိုက်မိပါတယ်။ ဒီကမ္ဘာမှာ ဒီစိတ်မျိုးတွေ မမြင်မတွေ့ရ ဆိတ်သုဉ်းနေတာ ကြာပကော။ သတင်းစာတွေဖတ်၊ ရုပ်မြင်သံကြားတွေ ကြည့်လိုက်တိုင်း လူသားအချင်းချင်း ကြီးနိုင်ငယ်ညှဉ်း ရက်ရက်စက်စက် သတ်ဖြတ်နေတာတွေ၊ အကျင့်ပျက်ခြစားနေတာတွေ၊ အဏုမြူလက်နက်တိုက်ကြီးပေါ် ခွထိုင်ပြီး တစ်ကမ္ဘာလုံးကို သူ့ဩဇာခံဖြစ်အောင် ခြိမ်းခြောက်မောင်းမဲနေတာတွေချည်း မြင်တွေ့နေရတယ်လေ။ အဲဒါကြောင့် ရှားပါးနေပြီဖြစ်တဲ့ လူကြီးလူကောင်းစိတ်အကြောင်း ဖတ်လိုက်ရတဲ့အခါ စိတ်ထဲမှာ ကြည်နူးသွားရတာပါ။

စာရင်းငှားလေးကလည်း လူသာငယ်တယ် သစ္စာနဲ့ သတ္တိကတော့ မငယ်ဘူး။ ဦးညွှတ်ထိုက်ပါပေတယ်။

ဒီနေ့ခေတ်ဟာ ရုပ်ဝတ္ထုပစ္စည်းတွေ တိုးတက်ကြွယ်ဝသလောက် စိတ်ဓာတ်ကြွယ်ဝမှု ခေါင်းပါးလာနေတာ နိုင်ငံတိုင်းလိုလိုမှာ မြင်တွေ့နေရပါတယ်။ အကြမ်းဖက်မှုနဲ့ ဒုစရိုက်မှုတွေ မကြားချင်အဆုံး၊ မမြင်ချင်အဆုံးပါပဲ။ ရှေးက ကြားတောင်မကြားဖူးတဲ့ ကလေးငယ်လေးတွေကို ဖမ်းပြီး

mgyoe.com

mgyoe.com

အတင်းအကျပ် ကလေးပြည့်တန်ဆာ လုပ်ခိုင်းသတဲ့။ ယဉ်ကျေးမှု အဆင့်မြင့်လှပါတယ်ဆိုတဲ့ လူဖြူတွေက ကလေးပြည့်တန်ဆာတွေရှိရာ နိုင်ငံကိုမှ အလည်လာကြတာ ဝင်လာမစဲ တဖွဲဖွဲပဲတဲ့။

ရုပ်ဝတ္ထုပစ္စည်းတွေ ကြွယ်ဝလာလေလေ စိတ်ဓာတ်ချွတ်ခြုံကျမှု ကြီးမားလေလေဆိုတဲ့ သီအိုရီထုတ်သင့်ပြီလားလို့တောင် ထင်မိတယ်။ ဒီဖြစ်စဉ်ကြီးကို မဟန့်တားနိုင်ခဲ့ရင် လူတွေက တောတွင်းသားရဲတိရစ္ဆာန် ဘဝကို ပြန်ရောက်သွားစရာ ရှိပါတယ်။ ဒါတွေကို တားဆီးဖို့ အားကစားစိတ်ဓာတ်တို့၊ လူကြီးလူကောင်းစိတ်ဓာတ်တို့၊ အရှက်တရား အကြောက်တရားတို့၊ သစ္စာနဲ့ သိက္ခာတို့ဆိုတဲ့စိတ်မျိုးတွေဟာ ဘယ်လိုလဲလို့ ညွှန်ပြတဲ့စာတွေ များများထွန်းကားအောင် လုပ်ပေးကြရပါမယ်။ မူလတန်းအရွယ် ကလေးများဘဝကစပြီး ဒီစိတ်ဓာတ်တွေရဲ့တန်ဖိုးကို ကလေးတွေ သိနားလည်အောင် လုပ်ပေးရပါမယ်။ လူငယ်တွေအတွက်လည်း စစ်မှန်တဲ့ အာဇာနည်စိတ်ဆိုတာ ဘယ်လိုဟာမျိုးလဲလို့သိအောင် လုပ်ပေးရပါမယ်။

နယ်စားဗိုလ်ချုပ်ကြီး ဝယ်လင်တန်ကို နပိုလီယန်အပေါ် အနိုင်ယူချေမှုန်းနိုင်ခဲ့တဲ့ စွမ်းရည်သတ္တိထက် စာရင်းငှားလေးရဲ့ ရှေ့က နောက်ပြန်လှည့်ခဲ့တဲ့ “စွမ်းရည်သတ္တိ” ကြောင့် ပိုလို့လေးစားမိပါတယ်။

[News Watch။ ၁၇ – ၅ – ၀၆]

❑

mgyoe.com

mgyoe.com

# ပလတ်စတစ်ခေတ်နဲ့ ဖက်ယဉ်ကျေးမှု

တစ်နေ့က သတင်းစာဖတ်ရင်း ယုဂန္ဒာနိုင်ငံမှာ ပလတ်စတစ်အိတ် ထုတ်လုပ်မှု ကန့်သတ်လိုက်တဲ့အကြောင်း ဖတ်လိုက်မိပါတယ်။ ပလတ်စတစ် အိတ်သာမက ပလတ်စတစ်ပစ္စည်းမျိုးစုံ ထုတ်လုပ်တင်သွင်းမှုကို နောက်ထပ် ခွင့်မပြုတော့ဘူး။ နောက်တစ်ဆင့်ကျရင် ပလတ်စတစ်ပစ္စည်းများ ရောင်းချ ခွင့်ကို လုံးဝပိတ်ပင်သွားမယ်လို့ သတင်းက ဆိုထားပါတယ်။

ဒီသတင်းဟာ အင်မတန် မင်္ဂလာရှိတဲ့ သတင်းမျိုးဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီနေ့ ကမ္ဘာကြီးတစ်ခုလုံးဟာ "ပလတ်စတစ်ကမ္ဘာကြီး" အဖြစ် ရောက်ရှိနေပြီး အင်မတန် အကျည်းတန်နေတာကြောင့်ပါ။ ဘယ်နေရာ ကြည့်လိုက် ကြည့်လိုက် ပလတ်စတစ်အိတ်တွေနဲ့ ဖွေးဖွေးလှုပ် ဖြစ်နေပါ တယ်။ ဘောလုံးကွင်းတွေထဲ ပလတ်စတစ်အိတ်တွေ "ပလူပျံ" နေသလို ကျောင်းဝင်းတွေနဲ့ ဘေးပတ်ဝန်းကျင်မှာလည်း ပလတ်စတစ်အိတ်တွေချည်း ပါပဲ။ ဒါတင်မက ရေမြောင်းတွေနဲ့ မြစ်ချောင်းအင်းအိုင်တွေထဲမှာလည်း ပလတ်စတစ်အိတ်တွေ များလွန်းလို့ မြောင်းတွေ ပိတ်ဆို့တယ်၊ ရေထဲကငါး တွေ သေကျေကြရတယ် ဆိုတဲ့အသံတွေ ညံနေအောင် ကြားနေရပါတယ်။

ယုဂန္ဒာသတင်းကို ဖတ်ရင်းနဲ့ လွန်ခဲ့တဲ့ ဆယ့်လေးငါးရက်က ဂျာနယ် တစ်ခုမှာ ဖတ်လိုက်ရတဲ့ သတင်းတစ်ပုဒ်ကို သတိရလိုက်ပါတယ်။ အဲဒီ သတင်းက မန္တလေးမြို့မှာ "ကျွတ်ကျွတ်အိတ် ထုတ်လုပ်တဲ့ လုပ်ငန်းသစ်များ

mgyoe.com

ခွင့်ပြုမှာ မဟုတ်တော့ဘူး" ဆိုတဲ့သတင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကျွတ်ကျွတ်အိတ်ရဲ့ အန္တရာယ်ကို တားဆီးကာကွယ်ဖို့ ဆောင်ရွက်တာ ပထမဆုံးအကြိမ်ဖြစ်မယ်လို့ ထင်ပါတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ သာဓု ခေါ်ပါ တယ်။

ကျွတ်ကျွတ်အိတ်၊ ပလတ်စတစ်အိတ်တို့ဟာ ဒီနေ့ အတွင်ကျယ်ဆုံး ထုပ်ပိုးပစ္စည်းဖြစ်နေပါတယ်။ ကလေးတွေစားတဲ့ မုန့်ပဲသရေစာထုပ်တွေ၊ ခေါက်ဆွဲထုပ်တွေကအစ ဆပ်ပြာမှုန့်နဲ့ ခေါင်းလျှော်ရည်ထုပ်အထိ ပလတ် စတစ်နဲ့ပဲ ထုပ်ပိုးကြပါတယ်။ လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်ဝယ်ရင် လည်း ကျွတ်ကျွတ်အိတ်ပါပဲ။ ဈေးထဲမှာ သားငါးဟင်းသီးဟင်းရွက်ဝယ်ရင် လည်း ကျွတ်ကျွတ်အိတ်ပါပဲ။ ကျွတ်ကျွတ်အိတ်မရှိရင် ဈေးသည်တွေ ဈေးရောင်းတတ်ပါဦးမလားတောင် မသိပါဘူး။ အလားတူပဲ ဈေးခြင်းတောင်း တွေ ဘာတွေ မကိုင်ဘဲ ကြော့ကြော့ကလေး ဈေးသွားချင်တဲ့ ဈေးဝယ်သူတွေ လည်း ဈေးဝယ်တတ်ကြပါဦးမလား။

ကျွတ်ကျွတ်အိတ်နဲ့ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးတွေဟာ ဒီခေတ်ရဲ့ သင်္ကေတဖြစ်နေပြီ။ ရှေးက ခေတ်တွေကို ကျောက်ခေတ်၊ကြေးခေတ်၊ သံခေတ်စတဲ့ အမည်နာမတွေတပ်ပြီး ခေါ်ခဲ့ကြသလို ခေါ်မယ်ဆိုရင် ခုခေတ် ကို "ပလတ်စတစ်ခေတ်" လို့ ခေါ်သင့်နေပြီ။ အဲဒါလောက်ထိကို တွင်ကျယ် နေတာ။

ကျွတ်ကျွတ်အိတ်၊ ပလတ်စတစ်အိတ်တွေဟာ သယ်ရပိုးရတာ၊ ထည့်ရထုပ်ရတာ လွယ်ကူတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ဒီပစ္စည်းတွေက ဆွေးမြည့်ပျက်စီးသွားတတ်တာမျိုး မဟုတ်တော့ ရေထဲရောက်ရင် ရေထဲမှာ၊ မြေကြီးထဲရောက်ရင် မြေကြီးထဲမှာပဲ အမြဲရှိနေပါတော့တယ်။ ရေထဲက ငါးသတ္တဝါတွေ ပလတ်စတစ်အိတ်တွေနဲ့ စွပ်မိလို့ သေကြရတာ၊ ပလတ်စတစ် တွေ မျိုချမိလို့ သေကြရတာမျိုးသတင်းတွေ မကြာခဏ ဖတ်ဖူးနေကြပါတယ်။ မြေကြီးထဲမှာလည်း ပလတ်စတစ်တွေကြောင့် စိုက်ပျိုးရေးကိစ္စတွေ အနှောင့် အယှက်ဖြစ်ကြတာပါပဲ။ ရေတိုမှာ အသုံးဝင်သလောက် ရေရှည်မှာ တော်တော်ဒုက္ခပေးတဲ့ပစ္စည်း ဖြစ်ပါတယ်။

ဒီအကြောင်း စဉ်းစားရင်းနဲ့ငယ်စဉ်က အခြေအနေတွေ ပြန်မြင်ယောင်

mgyoe.com

မိပါတယ်။ ခုလို အင်မတန် ပူပြင်းတဲ့ရာသီမှာ ပထမဆုံး သတိရမိတာကတော့ ဆီးယို (ဆီးယို) ဖြစ်တယ်။ မြန်မာဆီးသီးကို ထန်းလျက်နဲ့ ညောင်စေးကျအောင် ကျိုထားတဲ့ ဆီးယိုကို အိုးကြီးနဲ့ ရွက်ပြီး လည်ရောင်းတဲ့ ဆီးယိုသည်က ဆီးယိုဝယ်တဲ့အခါ ညောင်ရွက် ဒါမှမဟုတ် ဗာဒံရွက်နဲ့ ထည့်လေ့ရှိပါတယ်။ ဆီးယိုစားကုန်သွားရင် ဖက်မှာကပ်နေတဲ့ ထန်းလျက်ကို လျှာနဲ့လျက်ရတာ အရသာရှိလှတယ်။ နောက်တစ်ခု သတိရတာက ခရီးဝေးသွားတဲ့အခါ လမ်းဘူတာရုံမှာ ဒါမှမဟုတ် ကားဂိတ်မှာရောင်းတဲ့ထမင်းထုပ်ပါ။ အင်ဖက်နဲ့ထုပ်တဲ့ ထမင်းထုပ်ဆိုတော့ အင်ဖက်နံ့လေး သင်းပြီး စားမြိန်ပါတယ်။

ရှေးက တက္ကသိုလ် ပျော်ပွဲစားရာသီ ထွက်ကြရာမှာလည်း ဒံပေါက်ထမင်းကို အင်ဖက်နဲ့ထုပ်ပြီးမှ အပြင်က သတင်းစာစက္ကူနဲ့ ထပ်ထုပ်ထားတဲ့ ထမင်းထုပ်တွေ ယူခဲ့ကြပါတယ်။ စားချိန်ကျတော့ စုဝေးဝိုင်းထိုင်ပြီး တပျော်တပါး စားကြရတာ ပျော်စရာကောင်းလှပါတယ်။

ကျွတ်ကျွတ်အိတ်၊ ပလတ်စတစ်အိတ်တွေ ခေတ်မစားခင်က မြန်မာတွေဟာ ငှက်ပျောဖက်၊ အင်ဖက် စတာတွေပဲ နေရာတကာ သုံးကြတာပါ။ ဖက်တွေက လွင့်ပစ်လိုက်ပြီး မကြာခင်မှာ ခြောက်သယောင်း ဆွေးမြည့်သွားလေတော့ ဘာကိုမှ အန္တရာယ်မဖြစ်စေရပါဘူး။ အင်မတန် သင့်တော်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထူးအာရုံစိုက် လုပ်ဆောင်နေကြရတဲ့ ဒီအချိန်မှာ ပလတ်စတစ်အိတ်တွေ၊ ဘူးတွေ၊ ကျွတ်ကျွတ်အိတ်တွေ ဖယ်ရှားပစ်နိုင်ရေးကို အလေးထားလုပ်ဆောင်သင့်ပါတယ်။ ဖက်တို့ စက္ကူတို့အပြင် တခြားဘေးရန်ကင်းတဲ့ ပစ္စည်းများလည်း ရှာကြံသင့်ပါတယ်။

ပလတ်စတစ်က သရေစာထုပ်တဲ့ အိတ်လောက်တင် သုံးနေတာ မဟုတ်ပါဘူး။ ဒီနေ့ အိမ်တိုင်းမှာ ရှိရှိသမျှ လူသုံးကုန်ပစ္စည်းအားလုံးလောက်နီးပါးဟာ ပလတ်စတစ်တစ်မျိုးမျိုးနဲ့ ပြုလုပ်ထားကြတာချည်းပါပဲ။ ရုပ်မြင်သံကြား၊ ရေဒီယိုကက်ဆက်၊ ရေခဲသေတ္တာ၊ စားပွဲကုလားထိုင် စတဲ့ပစ္စည်းတွေအားလုံး ပလတ်စတစ်တွေ အများဆုံး ပါဝင်လုပ်ဆောင်ထားတာချည်းပါပဲ။ အဲဒါကြောင့် ဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေမှာ အမှိုက်ပစ်ဖို့နေရာကအစ အခက်အခဲ ကြုံတွေ့လာပါတယ်။ မဖွံ့ဖြိုးသေးတဲ့ အာဖရိကတိုက်လိုနေရာက နိုင်ငံတချို့ကို ပိုက်ဆံပေးပြီး အမှိုက်သွားပစ်နေကြရပါတယ်။ နှစ်စဉ်

mgyoe.com

ဒေါ်လာသန်းနဲ့ချီပြီးတော့ကို ပေးရတာဖြစ်ပါတယ်။

ထင်ရှားအောင် သာဓကတစ်ခုပြပါမယ်။ နယူးယောက်မြို့တော်က နေ့စဉ်ထွက်တဲ့ အမှိုက်တွေဟာ တန်ချိန် ၇၇၀၀ ရှိပါတယ်။ အဲဒီအမှိုက်တွေကို ဗာဂျီနီးယားပြည်နယ်မှာရှိတဲ့ ကွင်းပြင်ကျယ်ကြီး ခုနစ်ခုမှာ သွားရောက်စွန့်ပစ်ရပါတယ်။ အဲဒီအတွက် ဗာဂျီနီးယားပြည်နယ်ကို ဒေါ်လာသန်း ၅၅၀ ပေးရပါတယ်။

အခု နောက်ပိုင်းကျတော့ အမှိုက်တွေထဲမှာ စက်ရုံတွေက စွန့်ပစ်လိုက်တဲ့ ဓာတုပစ္စည်းတွေ၊ အဆိပ်သင့်စေတဲ့ ပစ္စည်းတွေ ပါလာတာကြောင့် ပတ်ဝန်းကျင် မြစ်ချောင်းအင်းအိုင်တွေ ထိခိုက်မှုတွေရှိလာတာ တွေ့ရှိလာကြပါတယ်။ ဒါကြောင့် အမှိုက်တွေကို လက်မခံချင်ကြတော့ပါဘူး။ အဲဒီအခါ ဆင်းရဲတဲ့ အာဖရိကနိုင်ငံ ကမ်းခြေဒေသတွေကို သွားရောက်စွန့် ပစ်ဖို့စီစဉ်ကြရပါတယ်။ ဆင်းရဲတဲ့နိုင်ငံတွေဟာ ချမ်းသာတဲ့နိုင်ငံကြီးတွေရဲ့ အမှိုက်ပုံဘ၀ ရောက်ကြရပါတော့တယ်။

ဖွံ့ဖြိုးမှု နှေးကွေးနောက်ကျတဲ့ နိုင်ငံများအနေနဲ့ ရှေ့က ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေရဲ့ ပြဿနာတွေကို ကြည့်ပြီး သင်ခန်းစာယူနိုင်ခွင့်ရှိတာ ကောင်းတဲ့အချက်ဖြစ်ပါတယ်။ ဒါကို အမြော်အမြင်ရှိရှိနဲ့ ဆင်ခြင်သုံးသပ်တတ်ဖို့လိုပါတယ်။ အနိမ့်ဆုံးစပြီး လုပ်နိုင်တာကို စလုပ်ဖို့ လိုပါတယ်။ ခုအချိန်မှာ စလုပ်သင့်တာကတော့ ကျွတ်ကျွတ်အိတ်တွေနေရာမှာ ရှေးကလိုပဲ စက္ကူအိတ်တွေ၊ ငှက်ပျောဖက်၊ အင်ဖက်တွေ ပြန်သုံးပြီး ကျွတ်ကျွတ်အိတ်၊ ပလတ်စတစ်အိတ်တွေ ပပျောက်ရေးဖြစ်တယ်လို့ ယူဆပါတယ်။ ရိုးရာဓလေ့ဆိုတာ ရိုးစင်းလွယ်ကူသလောက် အန္တရာယ်လည်း ကင်းပါတယ်။ ဖက်ယဉ်ကျေးမှုကို ပြန်ပြီး ထူထောင်ကြရင် မကောင်းဘူးလား။

[News Watch၊ ၂၅ – ၅ – ၀၆]

❑

mgyoe.com

# အရှေ့အလယ်ပိုင်းက စစ်ပွဲသစ်တစ်ခု အမြန်ဆုံးတားဆီးပါ

ခုရက်ပိုင်း အရှေ့အလယ်ပိုင်းဒေသမှာ အသံသိပ်မထွက်တဲ့ လူမသိသူမသိ စစ်ပွဲတစ်ပွဲ ပေါ်ပေါက်လာတာကို တွေ့ရပါတယ်။ နေတိုးအဖွဲ့ဝင် တူရကီနိုင်ငံက အီရတ်နိုင်ငံထဲထိ ဝင်ရောက်ပြီး ကာ့ဒ်လူမျိုးစု လက်နက်ကိုင်အဖွဲ့တွေကို လေကြောင်းက ဗုံးကြဲပြီး မြေပြင်ကပါ ကျူးကျော်ဝင်ရောက်တိုက်ခိုက်တာ ဖြစ်ပါတယ်။

## မျိုးချစ်ကြီး ဘာဇာနီ

ကာ့ဒ်လူမျိုးစုဆိုတာက အီရတ်နိုင်ငံ အရှေ့မြောက်ဒေသနဲ့ တူရကီနိုင်ငံ အရှေ့တောင်ဘက်ဒေသမှာ အများအပြား စုဝေးနေထိုင်ကြတဲ့ မျိုးနွယ်စုတစ်ခု ဖြစ်ပါတယ်။ အီရတ်၊ အီရန်၊ ဆီးရီးယားနဲ့ ရုရှားနိုင်ငံတွင်းမှာလည်း ရှိနေကြပါတယ်။ သူတို့ဟာ အာရပ်လူမျိုးမဟုတ်သလို တူရကီလူမျိုးတွေလည်း မဟုတ်ပါဘူး။ အများစုက မူဆလင်ဘာသာဝင်များ ဖြစ်ကြပါတယ်။ ၁၉၅၈ ခုနှစ်မှာ အီရတ်ဘုရင်စနစ်ကို စစ်တပ်က အာဏာဖျက်သိမ်းပစ်လိုက်ပြီးတဲ့နောက် စစ်ခေါင်းဆောင် ဗိုလ်ချုပ်ကာစင်က ကာ့ဒ်လူမျိုးနွယ်စုတွေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ငြင်းပယ်တာကြောင့် ကာ့ဒ်လူမျိုးများရဲ့ ခေါင်းဆောင်

mgyoe.com

mgyoe.com


မျိုးချစ်ပုဂ္ဂိုလ်ကြီး မူစတာဖာဘာဇာနီ (Mustafa Barzani)က ဦးဆောင်ပြီး ၁၉၆၁ ခုနှစ်မှာ လက်နက်စွဲကိုင် တိုက်ခိုက်ကြပါတယ်။

## ကာဒစ်စတန်အရေး

အဲဒီနောက် ကာစင်ကို ဆက်ဒမ်ဟူစိန်နဲ့ အဖွဲ့က ဖယ်ရှားလိုက်ပြီး ကာ့ဒ်လူမျိုးစုတွေကို ပြင်းပြင်းထန်ထန် ချေမှုန်းပစ်ပါတယ်။ အဲဒီလို ရက်ရက်စက်စက် ချေမှုန်းမှုကြောင့် လူမျိုးစုလက်နက်ကိုင်အဖွဲ့တွေ ပိုပြီး တိုးလာပါတယ်။ ၁၉၇၀ ပြည့်နှစ်များအတွင်းရောက်တော့ လက်နက်ကိုင် သူပုန်အဖွဲ့မျိုးစုံ ၂၅ ဖွဲ့ထိ ရှိနေခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ်များအတွင်း အီရန် – အီရတ်စစ်ပွဲကြီးဖြစ်တော့ အီရန်နဲ့ တူရကီရှိကာ့ဒ်လူမျိုးစုများကလည်း လက်နက်စွဲကိုင် တိုက်ခိုက်ကြပြန်ပါတယ်။ တူရကီရှိ ကာ့ဒ်လူမျိုးစုတွေကို ကာ့ဒစ်ရှ်အလုပ်သမားပါတီ (PKK)က ဦးဆောင်ပြီး အီရတ်ဘက်ခြမ်းက ကာ့ဒ်လူမျိုးစုနယ်မြေတွေနဲ့ ပူးပေါင်းကာ "ကာဒစ်စတန်" ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ထူထောင်ဖို့ တောင်းဆိုခဲ့ကြပါတယ်။

## တော်လှန်ရေးဒီရေ

အီရန် – အီရတ်စစ်ပွဲကြီး ပြီးသွားတဲ့အခါ ဆက်ဒမ်ဟူစိန်က ကာ့ဒ် သူပုန်တွေလက် ရောက်ရှိသွားတဲ့ နယ်မြေတွေကို ပြန်လည်တိုက်ခိုက်ပါ တယ်။ တိုက်ခိုက်တဲ့အခါ ကျေးရွာပေါင်း ၇၀ ကျော်အပေါ်ကို ဓာတုလက်နက် တွေ၊ ဓာတ်ငွေ့ဗုံးတွေ ကြဲချတိုက်ခိုက်ခဲ့တာကြောင့် လူပေါင်းထောင်သောင်းချီ သေဆုံးထိခိုက်ခဲ့ကြရပါတယ်။ ဆက်ဒမ်ဟူစိန် ပြုတ်ပြီး အီရတ်ပြည်တွင်း စစ်ကြီးဖြစ်နေချိန်မှာ ကာ့ဒ်မျိုးနွယ်စုတွေ နောက်တစ်ခါ လှုပ်ရှားမှုအရှိန် မြှင့်လာကြပြန်ပါတယ်။ တစ်ချိန်တည်းမှာပဲ တူရကီဘက်ခြမ်းရှိ ပီကေကေ ပါတီဦးဆောင်တဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေကလည်း တိုက်ခိုက်မှုတွေ တိုးတက်လုပ်ဆောင်လာခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်တာကို တူရကီအစိုးရက ပီကေကေတပ်ဖွဲ့တွေဟာ အီရတ်နယ်မြေကို ခြေကုပ်ယူပြီး လုပ်ဆောင်တာ လို့ စွပ်စွဲပြီး ရန်သူတွေရှိရာအရပ်ထိ လိုက်လံချေမှုန်းမယ်လို့ ခြိမ်းခြောက် ခဲ့ပါတယ်။

mgyoe.com

mgyoe.com


## တူရကီက ဝင်တိုက်

အခုရက်ပိုင်းမှာတော့ ခြိမ်းခြောက်ရုံမကတော့ဘဲ လေတပ်တွေ ကြည်းတပ်တွေ အသုံးပြုပြီး အမှန်တကယ်ကို ဝင်ရောက် တိုက်ခိုက်ပါတော့တယ်။ ပြည်တွင်းစစ်တိုက်နေရတဲ့ အီရတ်အစိုးရက ဘာမှ ပြန်မလုပ်နိုင်တာကို အခွင့်ကောင်းယူ တိုက်ခိုက်လိုက်တာ ဖြစ်ပါတယ်။ အီရတ်အစိုးရက ပါးစပ်နဲ့ လေသံပျော့ပျော့ပဲ ကန့်ကွက်နိုင်ခဲ့ပါတယ်။

နေတိုးအဖွဲ့ဝင် တူရကီက ကာ့ဒ်လူမျိုးစုတွေကို အခုလို ကျူးကျော်ဝင်ရောက် တိုက်ခိုက်တာကို မဟာမိတ်အမေရိကန်အစိုးရက ကန့်ကွက်တားဆီး မလုပ်ပါဘူး။ ထိုးစစ်ကို ရက်တိုတိုနဲ့ ပြီးအောင်လုပ်ဖို့သာ ပြောဆိုခြင်း ပြုပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း နိုင်ငံတစ်ခုရဲ့ ပိုင်နက်နယ်မြေထဲ ကျူးကျော်ဝင်ရောက်မှုကို ရှုတ်ချကန့်ကွက် မလုပ်နိုင်ခဲ့ပါဘူး။ သူလည်း အမေရိကန် သံယောင်လိုက်ပြီး တိုက်ပွဲကို အမြန်ဆုံး အပြီးသတ်ဖို့နဲ့ စိတ်ချုပ်တည်းကြဖို့သာ ပြောဆိုသွားခဲ့ပါတယ်။

## မေ့လျော့ခံလူမျိုး

အမေရိကန်နည်းတူပဲ တခြားဥရောပနိုင်ငံတွေကလည်း ဒီကိစ္စမှာ နှုတ်ဆိတ်နေကြပါတယ်။ ကျူးကျော်တိုက်ခိုက်တဲ့ တူရကီနိုင်ငံက နေတိုးအဖွဲ့ဝင် နိုင်ငံဖြစ်နေလို့လားတော့ မဆိုနိုင်ပါဘူး။ ကာ့ဒ်လူမျိုးစုများဟာ ကမ္ဘာတစ်ခုလုံးက မေ့လျော့ပစ်ပယ်ထားတဲ့ လူတွေ **(forgotten people)** ဖြစ်နေရသော်လည်း လူဦးရေအရ ပြောမယ်ဆိုရင် အစ္စရေးနဲ့ ပါလက်စတိုင်းလူမျိုး နှစ်ခုပေါင်းထက်တောင် များပါသေးတယ်။ တူရကီနိုင်ငံတစ်ခုတည်းမှာတင် ၁၀ သန်းကျော်ရှိပြီး အီရတ်နိုင်ငံတွင်းမှာလည်း ခြောက်သန်းကျော်ခုနစ်သန်းရှိပါတယ်။ အီရန်၊ ဆီးရီးယား စတဲ့ တခြားပြန့်ကျဲနေတာတွေပါဆိုရင် စုစုပေါင်း သန်း ၂၀ ကျော်ရှိပါတယ်။ နယ်မြေအကျယ်အဝန်းကလည်း စတုရန်းမိုင်ပေါင်း ၇၄,၀၀၀ လောက် ရှိပါတယ်။ ရှေးခေတ် မက်ဆိုပိုတေးမီးယားလွင်ပြင်နဲ့ တီးဂရစ် – ယူဖရေးတီးမြစ်ဝှမ်းဒေသများမှာ ပြန့်ကျဲနေထိုင်ကြတာဖြစ်ပါတယ်။

mgyoe.com

mgyoe.com


## ရှက်ဖို့ကောင်း

လူဦးရေသန်း ၂၀ လောက်ရှိတဲ့ လူမျိုးနွယ်တစ်စုကို မေ့လျော့ပစ်ပယ်ထားကြတာ သင့်တော်ပါရဲ့လား။ ယဉ်ကျေးပါတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းအဖို့ ရှက်စရာကော မကောင်းဘူးလား။ ဆင်ခြင်စဉ်းစားသင့်ကြတယ်လို့ယူဆပါတယ်။ ခုချက်ချင်း လက်ငင်းတော့ တူရကီရဲ့ အနိုင်ကျင့်ကျူးကျော်မှုကို ပြင်းပြင်းထန် ရှုတ်ချကန့်ကွက်ပြီး ကာ့ဒ်နယ်မြေဒေသက ချက်ချင်းရုပ်သိမ်းဆုတ်ခွာသွားဖို့ ဝိုင်းဝန်းတောင်းဆိုကြဖို့ လိုအပ်ကြောင်း တပ်လှန့်နှိုးဆော်လိုက်ရပါတယ်။

[၂၅ – ၂– ၀၈၊ ဝင်းဇော်]

❑

mgyoe.com

mgyoe.com

# မအိုချင်သူများအတွက် ဆေးတစ်လက်

မတွေ့တာကြာလှပြီဖြစ်တဲ့ မိတ်ဆွေဟောင်းတစ်ဦး မမျှော်လင့်ဘဲ ရောက်လာနှုတ်ဆက်ပါတယ်။ ပင်စင်ယူပြီးကတည်းက နယ်မှာနေတဲ့ သမီးနဲ့ သမက်ရှိရာကို ဇနီးမောင်နှံနှစ်ယောက်စလုံး လိုက်နေကြတာကြောင့် မရောက်ဖြစ်တဲ့အကြောင်း ပြောပြပါတယ်။ အခုမှ ဆရာဝန်စုံတွဲသမီးနဲ့ သမက်က ရန်ကုန်ပြန်ပြောင်းရလို့ ပြန်ရောက်တာ တစ်ပတ်လောက်ပဲ ရှိသေးတယ်လို့ ဆိုပါတယ်။

## ငယ်စဉ်ခေါင်းတွဲ၊ ကြီးတော့နောက်တွဲ

"ဟိုအရင်ကတော့ ကိုယ်က ခေါင်းတွဲပေါ့။ အခုတော့ သားသမီးတွေက ခေါင်းတွဲ၊ ကိုယ်က နောက်တွဲဖြစ်သွားပြီဆိုတော့ ခေါင်းတွဲသွားရာ နောက်က တတန်းတန်း လိုက်နေရတော့တာပါပဲ"

မိတ်ဆွေကြီးက တရားသံဝေဂရတဲ့လေသံနဲ့ ပြောပါတယ်။ သူဟာ တစ်ချိန်တစ်ခါက ဌာနကြီးတစ်ခုမှာ ရာထူးကြီးကြီးတစ်ခုနဲ့ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ သားသမီးလေးယောက်စလုံးကို တင့်တောင့်တင့်တယ်ဖြစ်အောင် ပညာတွေ သင်ကြားပေးနိုင်ခဲ့ပြီး အခုတော့ လေးယောက်စလုံး လူတစ်လုံး သူတစ်လုံးဖြစ်နေကြပါပြီ။ မိတ်ဆွေကြီးဇနီးမောင်နှံကတော့

mgyoe.com

mgyoe.com

သမီးအငယ်မိသားစုနဲ့ နေပြီး မြေးတွေ ကျောင်းပို့ကျောင်းကြိုလုပ်လိုက်၊ ရိပ်သာသွားလိုက် လုပ်နေကြတယ်လို့ သိရပါတယ်။

## ဘာလုပ်စရာရှိလို့လဲ

"အဲဒီလိုနေရတာ မပျင်းဘူးလား"

"တစ်ခါတစ်ခါတော့ ပျင်းမိသပေါ့ဗျာ။ ဒါပေမဲ့ ဒါ သဘာဝပဲမဟုတ်လား။ တခြားလည်း ဘာလုပ်စရာ ရှိတာမှတ်လို့"

သူ့ကြည့်ရတာ လူ့လောကဓမ္မတာအတိုင်း နေတာပဲ၊ မကြိုက်လည်း ဘာတတ်နိုင်မှာလဲဆိုတဲ့ သဘောနဲ့ တခြားဘာမှ တောင်တောင်အီအီ တွေးမိပုံ မရပါဘူး။ ဖြူနေတဲ့ခေါင်းကို ဆေးဆိုးထားပုံရပေမဲ့ လူကတော့ အဘိုးကြီးပုံပေါက်နေပြီ။ သွားလာလှုပ်ရှားပုံကအစ လျော့ရိလျော့ရဲနဲ့ အားမာန် မတွေ့ရတော့ပါဘူး။ ပင်စင်မယူခင်နဲ့ကျတော့ တခြားစီပါပဲ။ ရုံးမှာ လုပ်နေစဉ်ကတော့ သူဟာ တော်တော် "စမတ်"ဖြစ်တဲ့သူပါ။ အရပ်အမောင်းကောင်းကောင်း၊ ကိုယ်လုံးပြည့်ပြည့်နဲ့ တော်တော်ကို ခံ့ညားတာပါ။ အခုတော့လည်း တောမြို့ကလေးတစ်ခုက သာမန်အဘိုးအိုတစ်ယောက်နဲ့ ဘာမှ မခြားတော့ပါဘူး။ ဘုရားရှိခိုးလိုက်၊ ပုတီးစိပ်လိုက်၊ ရိပ်သာဝင်တဲ့ အခါ ဝင်လိုက်နဲ့ အချိန်တွေ ကုန်နေရတော့တာပါပဲ။

## ဘာအဓိပ္ပာယ် ရှိသလဲ

မိတ်ဆွေကြီး ပြန်သွားတဲ့နောက် လူ့ဘဝဆိုတာကို စဉ်းစားနေမိပါတယ်။ လူရယ်လို့ ဖြစ်လာပြီးတဲ့နောက် သုံးနှစ်လောက် ပေါ့ပါးလွတ်လပ်စွာ နေလိုက်ရတာကလွဲရင် ဘဝတစ်သက်တာလုံးလောက်နီးပါး ဝန်ထုပ်ဝန်ပိုးတွေနဲ့ ဖိစီးနေရတော့တာပါပဲ။ သုံးနှစ်ကျော် မူကြိုကစပြီး အသက်အစိတ်လောက်ထိ တချို့ဆို သုံးဆယ်လောက်ထိ ကျောင်းနေ ပညာသင်ရတယ်။ ကျောင်းကထွက်တာနဲ့ အလုပ်ခွင်ဝင်၊ နောက်တော့ သားကျွေးမှု၊ မယားကျွေးမှုတွေ နှစ်ပေါင်းသုံးဆယ်ကျော်လုပ်။ အချိန်စေ့တော့ ပင်စင်ယူပြီး သေဖို့အတွက်ပဲ ပြင်ဆင်ရတော့တယ်။ နှစ်ပေါင်းအစိတ် သုံးဆယ်လောက် သင်ခဲ့ရတဲ့ပညာတွေနဲ့ အလားတူ နှစ်အစိတ်သုံးဆယ် လုပ်ကိုင်ရှာဖွေခဲ့ရ

mgyoe.com

mgyoe.com


တာတွေဟာ သေတာနဲ့ ပြီးသွားတော့တာပဲ။ ဒါလောက် အပင်ပန်းခံခဲ့ရတာ တွေဟာ ဘာအဓိပ္ပာယ်ရှိသလဲ။ အနှစ်သာရကင်းမဲ့လိုက်တာ။ လူ့ဘဝဆိုတာ ဒါလောက်ပဲလား။ ဒါလောက်ပဲဆိုရင်တော့ ပျင်းစရာကောင်းလိုက်တာ။ ဘာများ မက်မောစရာရှိလို့လဲ။

## ချိုးကလေးနဲ့အမေ

ပျင်းပျင်းနဲ့ မဂ္ဂဇင်းတစ်အုပ် ဟိုလှန်ဒီလှန် ကြည့်လိုက်တော့ ဓာတ်ပုံ တစ်ပုံ တွေ့ရတယ်။ အမေလူထုဒေါ်အမာ အသက် ၉၀ ပြည့်မွေးနေ့ကပုံ ထင်ပါရဲ့။ အမေက ချိုးငှက်ကလေး လွှတ်နေတဲ့ပုံ။ အမေ့ဘေးမှာ ဆရာ ဒဂုန်တာရာ၊ ဆရာဒေါက်တာသန်းထွန်းနဲ့ သီပေါမင်းတရားရဲ့ မြေးတော်၊ တော်ဘုရားလေးတို့ကို တွေ့ရတယ်။ ဆရာဒဂုန်တာရာလည်း ၉၀ နားနီး နေပါပြီ။ အမြင်အာရုံတောင် မကောင်းတော့ပါဘူး။ ဒါပေမဲ့ ဆရာ့မျက်နှာက အမြဲပြုံးရွှင်နေတာပဲ။ ဆရာ့ကဗျာတွေလိုပဲ အမြဲတမ်း လတ်ဆတ်လန်းဆန်း နေတယ်။ လူအိုကြီးတစ်ယောက်နဲ့ လုံးဝမတူပါဘူး။ ဆရာ့ဘေးက ဆရာ သန်းထွန်းရဲ့ မျက်နှာကလည်း ပြည့်ပြည့်ဖြိုးဖြိုး၊ ရွှန်းရွှန်းလက်လက်နဲ့ လမင်းကြီးနဲ့ တူလိုက်တာ။ ဆရာကလည်း အမြဲတမ်း ဖျတ်လတ်သွက်လက် နေတာမို့ လူအိုကြီးတစ်ယောက်နဲ့ မတူပါဘူး။ တော်ဘုရားလေး ဦးအောင်ဇေ တစ်ယောက်သာ ပိန်ပိန်ပါးပါးရှိတယ်။ ကျန်းမာရေးမကောင်းလို့ လူက ပိန်ပေမဲ့ အင်္ဂလိပ်ကဗျာရွတ်တဲ့အခါများမှာ အသံက မာလိုက်တာ။ မာန် အပြည့် ဌာန်အပြည့်နဲ့ပဲ။ မိဖုရားခေါင်ကြီး စုဖုရားလတ်ရဲ့မြေး "သူပုန် မင်းသမီး" လို့ အင်္ဂလိပ်တွေက ကင်ပွန်းတပ်ပေးကြတဲ့ စတုတ္ထသမီးတော်ရဲ့ သားလို့ ပြောစရာကိုမလိုဘူး။ မာလိုက် ထန်လိုက်တာ။

## လူအိုအလုပ် မလုပ်ကြသူများ

ဓာတ်ပုံထဲက "မအိုသေးတဲ့သူ" လေးဦးကို ကြည့်ရင်း ဘာ့ကြောင့် လူအိုကြီးတွေနဲ့ မတူတာပါလိမ့်လို့ တွေးနေမိတယ်။ ကြာကြာ မတွေးရပါ ဘူး။ အဖြေကို ချက်ချင်း သိလိုက်တယ်။ သူတို့လေးဦးစလုံးဟာ မြေးထိန်း မနေကြဘူး။ အိမ်နဲ့ရိပ်သာ ခေါက်တုံ့ခေါက်ပြန် ကူးမနေကြဘူး။ လူအိုနဲ့

mgyoe.com

mgyoe.com

တူတဲ့အလုပ် ဘာတစ်ခုမှ မလုပ်ကြဘူး။ ငယ်ငယ်ကလုပ်တဲ့ အလုပ်တွေကို ငယ်ငယ်ကလိုပဲ အချိန်ပြည့် လုပ်နေကြတယ်။ အမေမာက အသက် ၉၀ သာဆိုတယ် ရေဒီယိုတစ်လုံးနဲ့ အလုပ်ရှုပ်တုန်း၊ စာတွေရေးကောင်းတုန်း။ ဒါတင်မက မြန်မာနိုင်ငံရဲ့ ပထမဆုံး နာရေးကူညီမှုအသင်းကြီးဖြစ်တဲ့ 'ဗြဟ္မစိုရ်အသင်းကြီး' ကို ကိုယ်ဖိရင်ဖိ ဦးဆောင်လမ်းညွှန်မှု ပေးနေတုန်း။ ဆရာ ဒဂုန်တာရာကလည်း သူချစ်တဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက် တစ်ဖက်က ပူပန်ရင်း တစ်ဖက်က ကဗျာအမြိုက်ဆေး တိုက်ကျွေးလို့ ကောင်းတုန်း ရှိတယ်။

## ဆတ်ဆတ်ထိမခံသူ

ဆရာ ဒေါက်တာသန်းထွန်းကတော့ လူတွေ မအအောင် သမိုင်းစာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ရေးထုတ်နေခဲ့တယ်။ မြန်မာလူမျိုးထဲမှာ သူ့လောက် အလုပ်လုပ်တဲ့သူ၊ သူ့လောက် ပညာရှင်ပီသသူ မရှိဘူးလို့ ဆိုရလောက်အောင်ကို စာတွေရေးခဲ့တာ။ ဆတ်ဆတ်ထိမခံတဲ့ ပညာရှင်မာနဆိုတာ ဘယ်လိုဟာမျိုးလဲလို့ နောက်လူတွေသိအောင် ပြခဲ့တာ။

တော်တုရားလေးလည်း ဆရာ ဒေါက်တာသန်းထွန်းလိုပဲ ဆတ်ဆတ်ထိမခံသူ။ မြန်မာ့ဇာတိသွေး၊ ဇာတိမာန်ကို နည်းနည်းလေးမျှ အပွန်းအပဲ့ မခံခဲ့ဘူး။ စတုတ္ထသမီးတော်လိုပဲ ကလောင်နဲ့ တိုက်ပွဲဝင်တဲ့သူ။ "ဘွားမျိုးမအေတူ" လို့ဆိုရလောက်အောင်ကို နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ပြတ်သားခိုင်မာသူ ဖြစ်တယ်။

## ကြည်ညိုစရာကောင်းလိုက်တာ

အဲဒီ "မအိုသေးတဲ့သူ" လေးဦးစလုံးဟာ အလုပ်နဲ့လက် မပြတ်အောင် လုပ်နေကြတဲ့အတွက် ဘယ်တော့မှ မအိုကြတာ ဖြစ်တယ်။ ပြီးတော့ လေးဦးစလုံးဟာ ဘယ်ခေတ်ရောက်ရောက်၊ ဘယ်အဖြစ်မျိုးကြုံကြုံ လူတွေအတွက် ဆိုတဲ့ တစ်ချောင်းတည်းသော စိတ်သံမဏိနဲ့ အလုပ်လုပ်ခဲ့ကြတာဖြစ်တဲ့အတွက် စိတ်ဘဝင်သန့်ရှင်းကြတယ်။ လိပ်ပြာဖြူစင်ကြတယ်။ အဲဒါကြောင့် စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံအေးချမ်းကြတယ်။ မအိုသေးတဲ့သူ လေးဦး

mgyoe.com

mgyoe.com

စလုံးရဲ့ မျက်နှာတွေဟာ ဓာတ်ပုံထဲမှာ ကြည်လင်ရှင်းသန့်၊ ရွှန်းလက်ဝင်းပနေတာပဲ။ တကယ့်သူတော်စင်၊ သူတော်ကောင်းများရဲ့ မျက်နှာမျိုး။ ကြည်ညိုစရာကောင်းလိုက်တာ။

## မအိုချင်ဘူးလား

အလည်ရောက်လာတဲ့ မိတ်ဆွေဟောင်းကတော့ အိမ်စောင့်၊ မြေးထိန်း၊ ပုတီးစိပ်၊ ရိပ်သာသွားဆိုတဲ့ အဘိုးကြီး အဘွားကြီးတွေရဲ့ အလုပ်မျိုးကလွဲပြီး ဘာမှလုပ်တာ မဟုတ်ဘူး။ ဒီတော့ မအိုဘဲနေမလား။ အဘိုးကြီးနဲ့မတူဘဲ နေမလား။ လူတိုင်းလူတိုင်း စောစောကပြောခဲ့တဲ့ 'မအိုသေးတဲ့သူ" လေးဦးလို စာရေးဆရာဖြစ်ကြတာမှ မဟုတ်တာဘဲလို့ ပြောချင်ပြောပါ။ ဒါပေမဲ့ စာရေးတဲ့အလုပ်အပြင် တခြားလုပ်စရာတွေ နည်းသလားလို့။ ဘိုးဘွားရိပ်သာတွေသွားပြီး ဝိုင်းဝန်းလုပ်လို့ရပါတယ်။ ဒီခေတ်ရဲ့ လိုအပ်ချက်အရ မြို့တိုင်း ရွာတိုင်းမှာ ပေါ်ပေါက်လာကြတဲ့ ပရဟိတဂေဟာတွေနဲ့ ပညာဒါန စာသင်ကျောင်းတွေမှာ စာသွားသင်ပေးလို့လည်း ရတယ်။ နာရေးကူညီမှု အသင်းတွေမှာ လူကြီးသွားလုပ်လို့လည်း ရတယ်။ ယုတ်စွအဆုံး ကိုယ်နေတဲ့ အရပ်ထဲက ဓမ္မာရုံမှာ လူငယ်တွေနဲ့အတူ ရပ်ကွက်ဝေယျာဝစ္စတွေ ဝိုင်းလုပ်ပေးလည်း ဖြစ်တယ်။ အရေးကြီးတာက အများအတွက်၊ လူသားတွေအတွက် တစ်ခုခုလုပ်နေဖို့သာ ဖြစ်တယ်။ အများကောင်းကျိုး လုပ်ဆောင်နေတဲ့သူဟာ စိတ်သန့်ရှင်းပြီး ဝီညာဉ်ဖြူစင်တဲ့အတွက် အမြဲ စိတ်အေးချမ်းသာယာတယ်။ ဒီလိုလူမျိုးဟာ ဘယ်တော့မှ မအိုဘူး။ သေချိန်တန်လို့သာ သေရမယ်။ ဘယ်တော့မှ အဘိုးကြီးအို၊ အဘွားကြီးအို ဖြစ်မှာ မဟုတ်ဘူး။ အဲဒါကြောင့် 'မအိုချင်ရင် အများအကျိုးလုပ်" လို့ တိုက်တွန်း နှိုးဆော်လိုက်ချင်ပါတော့သည်။

[News Watch၊ ၂၂ – ၈– ၀၈]
[Favourite၊ ၃၁ – ၅ – ၁၀]

❑

mgyoe.com

mgyoe.com

## ကမ္ဘာသစ်ရဲ့ ဆက်ဆံရေးပုံစံသစ်တဲ့လား

"စစ်အေးတိုက်ပွဲခေတ် ပြန်ရောက်လာဦးမှာလား"

အခုတစ်လော နိုင်ငံတကာသတင်းစာ မဂ္ဂဇင်းတွေ ဖတ်လိုက်တဲ့အခါ တိုင်း ဒီမေးခွန်းမေးတာ ဖြေတာ ဆွေးနွေးတာများကိုချည်း တွေ့နေရတယ်။ ပိုလန်မှာ အမေရိကန်ရေဒါစခန်းတွေချထားမယ် ဆိုတဲ့သတင်း ထွက်စ ကတည်းက ကျယ်လောင်စပြုလာတဲ့ ဒီအမေးဟာ ခုလတ်တလော ရုရှား ဂျော်ဂျီယာပြဿနာ ဖြစ်လာတဲ့အခါကျတော့ ပိုပြီး ကျယ်လောင်လာတာ တွေ့ရတယ်။

### ကျယ်သထက်ကျယ်လာတဲ့ အသံ

တစ်ဖက်မှာ အမေရိကန်နိုင်ငံက ဥရောပအခြေစိုက် နေတိုးတပ်ဖွဲ့ကို ပိုမိုအင်အားတောင့်တင်းဖို့ ကြိုးစားနေချိန်မှာ ရုရှားနဲ့ ကုန်းမြေချင်း တစ်ဆက် တစ်စပ်တည်းရှိနေတဲ့ ဥရောပသမဂ္ဂဝင်နိုင်ငံများကလည်း ဂျော်ဂျီယာကိစ္စကို တော်တော်ကြီး အလေးထားပြီး အချင်းချင်း "ခေါင်းချင်းရိုက်" နေကြတာကို တွေ့ကြရတယ်။ ကမ္ဘာ့မီဒီယာ အားလုံးကတော့ "စစ်အေးတိုက်ပွဲခေတ် ပြန်ရောက်လာဦးမှာလား" ဆိုတဲ့ ကိစ္စကိုပဲ အလေးထားပြီး ပြောဆိုရေးသားနေ ကြပါတယ်။ ကမ္ဘာ့မီဒီယာသမားများနည်းတူ ကမ္ဘာ့အရေးအခင်းမှန်သမျှ ကို နေ့စဉ် မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်နေသူတစ်ဦးအမြင်ကို

mgyoe.com

mgyoe.com
ပြောရရင်တော့ စစ်အေးတိုက်ပွဲခေတ် ပြန်ရောက်လာဦးမှာလားလို့ မေးနေ၊ ရေးနေတဲ့သူတွေလိုပဲ ပြန်ပြီး မေးခွန်းထုတ်လိုက်ချင်ပါတယ်။

"စစ်အေးတိုက်ပွဲခေတ် ဘယ်တုန်းက ပြီးဆုံးသွားလို့လဲ"

ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

## လုပ်မြဲအလုပ်တွေ ဆက်လုပ်ဆဲ

ဆိုဗီယက်ယူနီယံကြီး ပြိုကျသွားခဲ့တာကို အနောက်နိုင်ငံရေးသမားများနဲ့ မီဒီယာသမားများက စစ်အေးတိုက်ပွဲ နိဂုံးချုပ်သွားပြီလို့ ပြောဆိုခဲ့ကြတယ်။ ပါးစပ်ကသာ ပြောဆိုနေကြတာပါ။ တကယ်လက်တွေ့ကတော့ "စစ်အေးတိုက်ပွဲခေတ်" လို့ သူတို့ခေါ်ဆိုခဲ့ကြတဲ့ကာလက လုပ်ရိုးလုပ်စဉ် စစ်ရေးနိုင်ငံရေးအလုပ်တွေကို လျှော့ချပစ်လိုက်တယ် မရှိဘဲ အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်နေကြမြဲသာ ဖြစ်ပါတယ်။ အမေရိကန်က ဆိုဗီယက်အုပ်စုဝင်ဟောင်း အရှေ့ဥရောပနိုင်ငံများကို နေတိုးအဖွဲ့ထဲဝင်အောင် စည်းရုံးသိမ်းသွင်းပြီး ရုရှားကို ဝိုင်းပတ်ထားဖို့ ဆက်လုပ်နေဆဲ ဖြစ်ပါတယ်။ ပိုလန်နိုင်ငံမှာ ဒုံးခွင်းဒုံးစနစ် တပ်ဆင်ချထားဖို့လည်း လုပ်ဆောင်ခဲ့ပါတယ်။ ဆိုဗီယက်ခေတ်က ရုရှားတို့ဩဇာလွှမ်းမိုးခဲ့တဲ့ အရှေ့အလယ်ပိုင်းက အီဂျစ်၊ အီရတ်၊ လစ်ဗျား၊ ဆီးရီးယား၊ အယ်လ်ဂျီးရီးယား စတဲ့နိုင်ငံတွေကိုလည်း အမေရိကန်ဩဇာ ဖြန့်ကြက်လာခဲ့တယ်။

## အာရှမှာလည်း ရှေးကအတိုင်းပဲ

အာရှဘက်မှာလည်း တစ်ချိန်က ဆိုဗီယက်နဲ့ နီးစပ်တဲ့ အိန္ဒိယနိုင်ငံကို တရုတ်အန္တရာယ် လက်ညှိုးထိုးပြပြီး မဟာမိတ်ဖြစ်အောင် နည်းပေါင်းစုံနဲ့ ကြိုးစားခဲ့တယ်။ နှစ်ပေါင်းများစွာ ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ခဲ့တဲ့ အိန္ဒိယနိုင်ငံရဲ့ နျူလက်နက်အစီအစဉ်ကိစ္စကို လျှော့ပေးလိုက်ပြီး လိုက်လိုက်လျောလျော ဆက်ဆံမှုပြုလာခဲ့တယ်။ တစ်ဖက်မှာလည်း ပါကစ္စတန်အစိုးရကို ငွေကြေးလက်နက် အလုံးအရင်းနဲ့ထောက်ပံ့ပြီး ကျားကန်ပေးထားတယ်။ အာဖဂန်နစ္စတန်မှာလည်း စစ်တပ်တွေ အခိုင်အမာ ခြေကုပ်ယူထားခဲ့တယ်။ ရည်ရွယ်ချက်ကတော့ စစ်အေးတိုက်ပွဲကာလအတိုင်း တရုတ်ပြည်ကို
mgyoe.com

ဝိုင်းပတ်ပိတ်ဆို့ထားရေးသာ ဖြစ်တယ်။ စစ်အေးတိုက်ပွဲပြီးဆုံးသွားပြီ ဆိုတာ ဘယ်မှာလဲ။

## တစ်ဖက်ကလည်း ထူးမခြားနား

အမေရိကန်ဘက်က စစ်အေးတိုက်ပွဲကို ဆက်လက် ဆင်နွှဲနေဆဲဖြစ်သလို ရုရှား၊ တရုတ်တို့ဘက်ကလည်း ထူးမခြားနားပါပဲ။ တိုင်းပြည်စီးပွားရေးတိုးတက်လာတာကို ကောင်းကောင်းအသုံးချပြီး စစ်အင်အားတိုးတက်သထက် တိုးတက်၊ ခေတ်မီသထက် ခေတ်မီအောင် နှစ်နိုင်ငံစလုံးက ဆောင်ရွက်နေကြပါတယ်။ ဒါ့အပြင် ပထဝီအနေအထားအရ အမေရိကန်နိုင်ငံရဲ့ ဩဇာရိပ်ဝန်းနဲ့ မကင်းနိုင်ကြတဲ့ လက်တင်အမေရိကနိုင်ငံများအထိ ရုရှားနဲ့တရုတ်တို့က စီးပွားရေးမျက်နှာစာ ကောင်းကောင်းကြီး ထိုးဖောက်ဝင်ရောက်နိုင်ကြပါတယ်။

## နည်းဗျူဟာပြောင်းလဲမှုလား

၁၉၆၀ ပြည့်နှစ်များအတွင်းကတော့ တစ်ဖက်နဲ့တစ်ဖက် ရန်သူလို့ အတိအလင်း သတ်မှတ်ကြေညာထားပြီး အဏုမြူထိပ်ဖူးတပ် ဒုံးကျည်တွေနဲ့ ချိန်ရွယ်ထားရင်း ပါးစပ်နဲ့လည်း နေ့စဉ်နဲ့အမျှ တိုက်ခိုက်နေခဲ့ကြတယ်။ အခု နှစ်ဆယ့်တစ်ရာစုထဲမှာတော့ နည်းဗျူဟာတွေကို ပြောင်းလဲကျင့်သုံးပြီး ပါးစပ်စစ်ပွဲကို ရပ်စဲထားလိုက်ကြတယ်။ ပါးစပ်နဲ့ မတိုက်ခိုက်ရုံသာမက ချစ်ကြည်ရေးတို့ ပူးပေါင်းဆောင်ရွက်ရေးတို့ဆိုတဲ့ "လူကြီးလူကောင်း" စကားတွေပါ ပြောကြားလာခဲ့ကြတယ်။ အရင်က မျက်နှာချင်းဆိုင်ဖို့တောင် စိတ်မကူးခဲ့ကြတဲ့ ခေါင်းဆောင်တွေဟာ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်သွားရောက်လည်ပတ်နေကြပြီး ပြုံးပြရယ်ပြ လုပ်နေကြတယ်။ ဒါပေမဲ့လို့ ရှေးက ချိန်ရွယ်ထားခဲ့ကြတဲ့ အဏုမြူထိပ်ဖူးတပ် ဒုံးကျည်တွေကတော့ ချိန်မြဲချိန်လျက် ရှိကြဆဲပါပဲ။ ပိုပြီး ခေတ်မီတာတွေနဲ့တောင် အစားထိုးထားခဲ့ကြပါသေးတယ်။ စင်စစ်တော့ ဒီနေ့ပြောင်းလဲမှုဟာ နည်းဗျူဟာပြောင်းလဲမှုသာဖြစ်တယ်။ တစ်ဖက်နဲ့တစ်ဖက် ရန်သူလိုသဘောထားပြီး နောက်ဆုံးတစ်နေ့ အပြတ်ချေမှုန်းပစ်ရေးဆိုတဲ့ မဟာဗျူဟာကတော့ နှစ်ဖက်စလုံးမှာ

mgyoe.com

mgyoe.com

လုံးဝ မပြောင်းလဲပါဘူး။ ၁၉၆၀ ပြည့်နှစ်များအတွင်းက သဘောထားအတိုင်း ရှိဆဲသာ ဖြစ်ပါတယ်။

## တွင်ကျယ်လာတဲ့ စကားလုံး

နည်းဗျူဟာ အပြောင်းအလဲကာလမှာ တွင်ကျယ်လာတဲ့ စကားလုံး တစ်လုံးကတော့ **Win-Win-Situation** ဆိုတဲ့စကားဖြစ်တယ်။ နှစ်ဖက်စလုံး အကျိုးဖြစ်စေမယ့် အခြေအနေလို့ ဆိုတာပေါ့။ တကယ်တော့ ဒီစကားဟာ စီးပွားရေးသမားတွေ အချင်းချင်း တစ်ဖက်နဲ့တစ်ဖက် လှည့်စားနေကြတဲ့စကားသာ ဖြစ်ပါတယ်။ တကယ်တမ်း ရေရှည်အလုပ်ဖြစ်နိုင်တာမျိုး မဟုတ်ပါဘူး။ စီးပွားရေးလောကမှာ ကျင့်သုံးနေကြတဲ့ ပြိုင်ဘက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်နေမယ့်အစား ပူးပေါင်းလုပ်ဆောင် **(Merger)** ကြတာ ပိုအကျိုးရှိစေတယ်။ **Win-Win** ဗျူဟာဖြစ်တယ်လို့ ဆိုကြတယ်။ တကယ်လက်တွေ့ကျတော့ **Win-Win Situation** မဖြစ်ပါဘူး။ ဥပမာ **Time** မီဒီယာကော်ပိုရေးရှင်းကြီးနဲ့ ဝါနာဘရားသားရုပ်ရှင်လုပ်ငန်းကြီး ပူးပေါင်းပြီး **Time-Warner** ကော်ပိုရေးရှင်းလို့ ခေါ်လိုက်ကြတယ်။ ဝါနာဘရာသားဘုတ်အဖွဲ့က ဒါရိုက်တာလူကြီးတချို့ ပူးပေါင်းဘုတ်အဖွဲ့မှာ ပါလာတာကလွဲပြီး ဝါနာက အမြတ်ရတာ ဘာမှမရှိပါဘူး။ ဝါနာရဲ့ မူရင်းရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းလည်း ထူးပြီး တိုးတက်မသွားပါဘူး။ ဝါနာရဲ့ အလယ်အလတ်ဆင့် စီမံခန့်ခွဲရေးဝန်ထမ်းတွေ တိုင်းမ်က လူတွေ အောက် ရောက်သူရောက်၊ အလုပ်ပြုတ်သူပြုတ် ဖြစ်သွားတာပဲရှိတယ်။

## နိုင်ငံရေးမှာ Win - Win မရှိ

စီးပွားရေးလောကမှာ တွင်ကျယ်နေတဲ့ အဲဒီ **Win-Win** ဗျူဟာ ဆိုတဲ့စကားလုံးကို မဟာအင်အားကြီးနိုင်ငံတွေက နိုင်ငံရေးဂုရုဆိုကြတဲ့ "ဆင်စွယ်ရဲတိုက်ကြီးတွေထဲက မဟာပညာကျော်ကြီးများ" က နိုင်ငံရေးလောကထဲကို ဆွဲသွင်းလာခဲ့ကြတာကြောင့် "ကမ္ဘာသစ်ရဲ့ ဆက်ဆံရေးသစ်" တို့၊ "စစ်အေးခေတ်လွန် ဆက်ဆံရေးပုံစံသစ်" တို့ ဆိုတဲ့စကားလုံးတွေ ပေါ်ပေါက်လာပြီး ယုန်ထင်ကြောင်ထင် ဖြစ်လာခဲ့ကြရတာ ဖြစ်တယ်။

mgyoe.com

mgyoe.com


နိုင်ငံရေး မှာ **Win - Win Situation** ဆိုတာ မရှိနိုင်ပါဘူး။ ဘားရတ် အိုဘားမားနဲ့ ဟီလာရီကလင်တန်တို့ကြားမှာ **Win-Win Situation** ဖြစ်ခဲ့ကြလို့လား။ အိုဘားမားနဲ့ မက်ကိန်းတို့ကြားမှာကော ဖြစ်လာနိုင် ပါသလား။ ဒီနေ့ ရုပါပါဝါနိုင်ငံကြီးတွေကြားမှာ "ပါးစပ်တိုက်ပွဲ" တွေ ရပ်စဲနေတာဟာ ပရိယာယ်သက်သက်သာ ဖြစ်တယ်။ မုန်တိုင်းကြီးမလာခင် ခဏကလေး ငြိမ်သက်နေမှု **[Lull before the Storm]** သာဖြစ်တယ်။ တကယ်တမ်း ပဋိပက္ခတွေ ချုပ်ငြိမ်းသွားတာ၊ ချစ်ကြည်ရင်းနှီးသွားတာမျိုး မဟုတ်ပါဘူး။ ဒီနေ့ ရုပါပါဝါချင်း ဆက်ဆံမှုဟာ **(marriage of convenience)** နှစ်ဦးနှစ်ဖက် အကျိုးမျှော်ပြီး ပေါင်းသင်းမှုမျိုးသာ ဖြစ်တယ်။ ထင်သလို အကျိုးမရှိတဲ့အခါကျရင် ကွာရှင်းပြတ်စဲလိုက်ကြမှာ ဖြစ်ပါတယ်။

## ဘယ်တုန်းကမှ မရပ်စဲဘူး

ဟော အခု ဂျော်ဂျီယာကိစ္စ ဖြစ်လာတဲ့အခါကျတော့ "စစ်အေးလွန် ခေတ် ဆက်ဆံရေးပုံစံသစ်" ဆိုတဲ့စကားသံတွေ ရပ်ဆိုင်းသွားပြီး "စစ်အေး တိုက်ပွဲခေတ် ပြန်ရောက်လာဦးမှာလား" လို့ ဆိုကြပြန်ပြီ။ ရုရှားက ဂျော်ဂျီ ယာနယ်မြေထဲ စစ်တပ်တွေ စေလွှတ်သလို အမေရိကန်ကလည်း ပင်လယ် နက်ဒေသထဲကို စစ်သင်္ဘောတွေ ၁၀ စီးလောက် စေလွှတ်လိုက်တယ်လေ။ ဥရောပသမဂ္ဂဝင်နိုင်ငံတွေကလည်း ရုရှားကို စီးပွားရေးအရ အရေးယူမှုတွေ ပြုလုပ်မယ်လို့ ခြိမ်းခြောက်နေကြပြန်တယ်။ စစ်အေးတိုက်ပွဲဟာ ဘယ်တုန်း ကမှ ရပ်စဲမသွားခဲ့ပါဘူး။ နောင်လည်း ရပ်စဲဦးမယ် မဟုတ်ပါဘူး။

## မပြောင်းလဲပါဘူး

"ကြောင်ဖြူတာ မည်းတာက အရေးမကြီးဘူး။ ကြွက်မိဖို့သာ လိုရင်းပဲ" ဆိုတဲ့ စီးပွားရေးအဘိဓမ္မာ တည်ရှိနေသမျှ ကာလပတ်လုံး စစ်အေးတိုက်ပွဲ တွေ ရပ်ဆိုင်းမသွားနိုင်ရုံမက အီရတ်လို၊ အာဖဂန်နစ္စတန်လို ဂျော်ဂျီယာလို "စစ်ပူ" တွေလည်း ဆက်ပြီး ဖြစ်နေကြဦးမှာပါပဲ။ ရုပါပါဝါ နိုင်ငံကြီးတွေရဲ့ နိုင်ငံရေးကျားကွက်အရွှေ့အပြောင်းကို နိုင်ငံငယ်လေးတွေ အထူးသတိထား

mgyoe.com

mgyoe.com

စောင့်ကြည့်ကြဖို့ လိုပါတယ်။ နိုင်ငံကြီးတွေက ကျယ်ကျယ်လောင်လောင် ပြောနေတဲ့ "ကမ္ဘာ့သစ်ရဲ့ ဆက်ဆံရေးပုံစံသစ်" တို့ ဘာတို့ဆိုတဲ့စကားတွေ နားယောင်မနေပါနဲ့။ ကမ္ဘာ့လူမှုရေးစနစ်ကြီးဟာ ဘာမှ မပြောင်းသေးပါဘူး။ "ဘယ်နည်းနဲ့ရရ အမြတ်ရဖို့အဓိက" ဆိုတဲ့ အတွေးအခေါ်က ကြီးစိုးလွှမ်းမိုးနေဆဲပဲ ဖြစ်ပါတယ်။

[News Watch၊ ၂၉ – ၈ – ၀၈]

❑

mgyoe.com

mgyoe.com

## အဆိုးထဲကလည်း ပညာရပါတယ်

ဂျာနယ်တိုက်တစ်ခုမှာ လုပ်နေတဲ့ လူငယ်သတင်းထောက်တစ်ယောက် ရောက်လာပြီး အလုပ်ထွက်ချင်တဲ့ကိစ္စကို ရင်ဖွင့်တိုင်ပင်ပါတယ်။ ထွက်ချင်တဲ့အကြောင်းဟာ အယ်ဒီတာနဲ့ အဆင်မပြေနိုင်တာကြောင့် ပြောပါတယ်။ အယ်ဒီတာလုပ်သူက အင်မတန် ဆူပူကြိမ်းမောင်းတတ်ကြောင်း၊ နေ့စဉ်နဲ့ အမျှ ဆူပူနေတာကြောင့် သည်းမခံနိုင်တော့ကြောင်းလည်း ပြောပြပါတယ်။

### ဆူပြီးရင်းဆူ

ဘယ်လိုကိစ္စတွေမှာ ဆူပူတာလဲမေးတော့ သတင်းများများ မတင်နိုင်ရင်လည်း ဆူ၊ ရေးပုံသားပုံ မကြိုက်ရင်လည်း ဆူ၊ သတ်ပုံမှားရင်လည်း ဆူ ဘာမှကို လွတ်တယ် မရှိပါဘူး။ ရေးလိုက်တဲ့သတင်းနဲ့ ပတ်သက်ပြီး မဟုတ်ပါဘူးဆိုတဲ့ တိုင်စာ တောစာ ရောက်လာပြီဆိုရင်တော့ နေစရာကို မရှိတော့လောက်အောင် ဆူတာ။ တစ်ဦးချင်းခေါ်ပြီး ဆူလိုက်၊ အစည်းအဝေးမှာ ဆူလိုက်နဲ့ မပြီးနိုင်တော့ဘူးလို့ ဒေါနဲ့မောနဲ့ ပြောပြပါတယ်။ တော်တော်ကို စိတ်ပျက်လက်ပျက် ဖြစ်နေပုံရပါတယ်။ လူငယ်လေးက ကိုယ့်တပည့်ကျောင်းသားမဟုတ်ပေမဲ့ သတင်းအလုပ်ကို တော်တော်ဝါသနာကြီးပြီး

mgyoe.com

mgyoe.com


အမြဲလိုလို ဝင်ထွက်သွားလာ မေးမြန်းဆွေးနွေးနေတာကြောင့် ခင်မင်ရင်းနှီးနေပါတယ်။ အဲဒါကြောင့် ပြောသင့်တဲ့စကား ပြောလိုက်ရပါတယ်။

## ဖောင်ပိတ်ချိန်ဖိစီးမှု

စကားမပြောမီ မေးခွန်းတစ်ခု အရင်ဆုံး မေးလိုက်ပါတယ်။ သတင်းအလုပ်ကို တစ်သက်လုံးလုပ်ဖို့ ရည်ရွယ်သလားဆိုတဲ့ မေးခွန်းပါ။ သူကလည်း မဆိုင်းမတွ ပြန်ဖြေပါတယ်။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် တစ်သက်လုံး ဒီအလုပ်ပဲ လုပ်သွားမှာပါတဲ့။ အဲဒီတော့မှ အယ်ဒီတာရဲ့ အဆူမခံရတဲ့ သတင်းထောက်ရယ်လို့ ဘယ်နိုင်ငံမှာမှ မရှိတဲ့အကြောင်းက အစချီပြီး အလုပ်ရဲ့သဘာဝအကြောင်း ရှင်းပြပါတယ်။ သတင်းထောက်က သတင်းလိုက်ရတာ အဆင်မပြေတဲ့နေ့မျိုးမှာ သတင်းရေးမတင်ဘဲနေလို့ဖြစ်ပေမဲ့လို့ အယ်ဒီတာကတော့ ဒီနေ့ သတင်းအရနည်းလို့ဆိုပြီး သတင်းစာမထွက်ဘဲ နေလို့မရပါဘူး။ စာမျက်နှာမှာ ကွက်လပ်တွေချန်ပြီး ထုတ်လိုက်လို့လည်း မဖြစ်ပါဘူး။ ဒါတင်မက တခြားအလုပ်တွေနဲ့ သဘာဝချင်း မတူတာက ဖောင်ပိတ်ချိန် (deadline) ဆိုတဲ့အချက်။ တိုက်တိုင်းမှာက ဘယ်စာမျက်နှာကို ဘယ်အချိန်မှာ စရိုက်ရမယ်ဆိုတဲ့ သတ်မှတ်ချက် ရှိပါတယ်။ အဲဒီအချိန် သတ်မှတ်ချက်ထက် နောက်ကျလို့ လုံးဝမရပါဘူး။ တစ်ခုနောက်ကျသွားရင် နောက်ဟာတွေပါ ဆက်တိုက် နောက်ကျသွားတော့မှာ ဖြစ်တယ်။ အယ်ဒီတာက သတင်းကောင်းတွေရဖို့ ပူရသလို အဲဒီဖောင်ပိတ်ချိန် မမီမှာလည်း အမြဲပူနေရတာ ဖြစ်ပါတယ်။ အဲဒါကြောင့် သတင်းထောက်တွေကို အမြဲ "မီးထိုး" နေရပါတယ်။ အယ်ဒီတာလုပ်သက်ရင့်လေ ပိုပြီး ဆူပူတတ်လေ ဖြစ်ပါတယ်။ အကျင့်က ကြာတော့ ဝသီဖြစ်သွားတဲ့သဘောပေါ့။ ဒါကို သတင်းထောက်တွေက နားလည်နိုင်ဖို့ လိုပါတယ်။

## ဖြောင့်သူရှိသလို ကောက်သူရှိတယ်

"လူအမျိုးမျိုး စိတ်အထွေထွေ" ဆိုတဲ့ စကားအတိုင်း အယ်ဒီတာမှာလည်း စရိုက်ဝသီအမျိုးမျိုး၊ စိတ်နေသဘောထား အဖုံဖုံရှိမှာပဲ ဖြစ်တယ်။ ဖြောင့်မတ်မှန်ကန်သူ ရှိသလို ကောက်ကောက်ကွေ့ကွေ့ လူစားမျိုးလည်း

mgyoe.com

mgyoe.com


ရှိမှာပါပဲ။ ဒါက ဘယ်နေရာရောက်ရောက် မရှောင်မလွှဲသာ တွေ့ကြရမှာပဲ ဖြစ်တယ်။ လူကောင်းလူမှန်တွေချည်း ရှိတဲ့နေရာမှာမှ လုပ်ချင်တယ်ဆိုလို့ ဘယ်ဖြစ်မှာလဲ။ ပရော်ဖက်ရှင်နယ် စိတ်ဓာတ်ကို နားလည်သဘောပေါက် သူဟာ ဘယ်သူနဲ့မဆို တွဲလုပ်နိုင်ရမယ်။ မန်ယူက ရော်နယ်လ်ဒိုနဲ့ ရွှန်းနီတို့ကို ကြည့်ပါလား။ ဟိုတစ်ခါ ကမ္ဘာ့ဖလားပွဲမှာ အင်္ဂလန်ကနေ ကစားတဲ့ ရွှန်းနီဟာ ပေါ်တူဂီက ကစားတဲ့ ရော်နယ်ဒိုကြောင့် အနီကတ်ထိပြီး အထုတ်ခံခဲ့ရတယ်။ အင်္ဂလိပ်ဘောလုံး ပရိသတ်တွေက ရော်နယ်လ်ဒိုကို အခဲမကျေနိုင်အောင် ဖြစ်ကြတယ်။ ဒါပေမဲ့ ရွှန်းနီနဲ့ ရော်နယ်လ်ဒိုတို့ နှစ်ယောက်ကတော့ မန်ယူမှာ ပြန်ပြီး အတူတူကစားကြရတဲ့အခါ ဘာအငြိုးအတေးမှမရှိဘဲ အပေးအယူမျှမျှတတ ကစားခဲ့ကြတာပါပဲ။ ပရော်ဖက်ရှင်နယ်စိတ်ဓာတ်ဆိုတာ အဲဒါမျိုးပါ။

## အဆိုးထဲက ပညာရှာ

နောက်တစ်ခုက ပညာဆိုတာ ဆရာကောင်းသမားကောင်းနဲ့ တွေ့မှရနိုင်တာ မဟုတ်ဘူး။ ယူတတ်ရင် ဘယ်နေရာမဆို၊ ဘယ်သူ့ဆီကမဆို ပညာရနိုင်တယ်။ ဆိုးတဲ့သူနဲ့တွေ့ရင်လည်း ဆိုးပုံဆိုးနည်းတွေကို သိထားရတာပဲ။ အကျိုးမယုတ်ပါဘူး။ များများဆိုးတဲ့သူဖြစ်လေ များများပညာရလေလို့ သဘောထားတတ်ဖို့ လိုတယ်။ ဆိုးပုံဆိုးနည်းမျိုးစုံကို သိထားတော့ ကိုယ့်ကျတော့ အဲဒီလိုမဖြစ်အောင် ပြုပြင်နိုင်တယ်လေ။ ဒါကောင်းကျိုးပေါ့၊ ဒါ့အပြင် ဆိုးတဲ့ သူရဲ့အပြောအဆို အညစ်မခံရအောင် ရှောင်ရင်းရှားရင်းနဲ့ ကိုယ်လည်း ပညာတွေ တိုးလာပါတယ်။ ဆူတတ်တဲ့အယ်ဒီတာ အဆူမခံရဖို့ အတွက် သတင်းတွေများများရှာ၊ များများရေးရင်းနဲ့ ကိုယ်လည်း သတင်းထောက်အလုပ်မှာ ကျွမ်းကျင်သွားနိုင်တယ် မဟုတ်လား။ ပညာဆိုတာ အဆိုးထဲက (Negative)ကလည်း ယူတတ်ရင် ရနိုင်တယ်။ အရေးကြီးတာက ယူတတ်ဖို့နဲ့ ပရော်ဖက်ရှင်နယ် ဖြစ်ဖို့ပဲ။

တော်တော် ရှည်ရှည်လျားလျား ရှင်းပြပြီးတဲ့အခါကျတော့ လူငယ်လေးရဲ့မျက်နှာကြောတွေ လျော့သွားတာ သတိထားလိုက်မိတယ်။ အလုပ်ထွက်ဖို့ မထွက်ဖို့ကိစ္စတော့ ဘာမှ အကြံမပြုလိုက်ပါဘူး။ ဒါက သူကိုယ်တိုင်

mgyoe.com

mgyoe.com

ဆုံးဖြတ်သင့်တဲ့ကိစ္စပဲ။ မှန်မှန်ကန်ကန် သူ ဆုံးဖြတ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

[News Watch၊ ၁၁ – ၉ – ၀၈]

❑

mgyoe.com

mgyoe.com

# လူများစုဖတ်ဖို့ စာတွေ ရေးကြဖို့လိုပြီ

စာအုပ်စင်တွေ၊ စာအုပ်ပုံတွေထဲမှာ မွှေနှောက်ပြီး လိုချင်တဲ့စာအုပ်တစ်အုပ် ရှာရင်း စာအုပ်ပါးပါးလေးတစ်အုပ်ကို တွေ့တာနဲ့ ထုတ်ယူထားလိုက်ပါတယ်။ ရှာဖွေရေးကိစ္စပြီးတော့ စောစောက စာအုပ်ကလေးကို ကောက်ယူကြည့်လိုက်ပါတယ်။

ကတ်ထူဖုံး စာအုပ်ပါးပါးလေးက ကရုဏာရှင် ဖလောရင့်နိုက်တင်ဂေးလ် အကြောင်းရေးထားတဲ့ အတ္ထုပ္ပတ္တိစာအုပ်လေးပါ။ အထဲမှာ ရောင်စုံပုံလေးတွေလည်း ပါပါတယ်။ စာသင်နေစဉ်က ကျောင်းသားတွေကို လက်တွေ့ပြသဖို့ စုဆောင်းရှာဖွေထားတဲ့ စာအုပ်တွေထဲက တစ်အုပ်ဖြစ်ပါတယ်။ ဒီစာအုပ်မျိုးလေးတွေ တစ်မျိုးကို မူကွဲလေးငါးခြောက်အုပ် ထုတ်လေ့ရှိပါတယ်။ စာဖတ်ကျင့် ပျိုးထောင်ခါစမှာ ကိုယ်နဲ့သင့်တော်ရာ စာအုပ်မျိုးကို စဖတ်ပြီး တဖြည်းဖြည်း အဆင့်မြင့်တက်သွားစေဖို့ နမူနာပြဖို့ စုဆောင်းသိမ်းဆည်းထားတာပါ။ တစ်အုပ်တည်းတွေ့ရပေမဲ့ သူနဲ့ မူကွဲ လေးငါးအုပ်ရှိနေဦးမှာပါ။ မလိုအပ်တော့တာကြောင့် ရှာမနေတော့ပါဘူး။

လက်ထဲမှာရှိတဲ့ စာအုပ်ကလေးက အနိမ့်ဆုံးအခြေခံဆင့် မူလတန်းရွယ် ဖတ်စာအုပ်ကလေး ဖြစ်ပါတယ်။ မူလတန်းသုံးလေးတန်းမှာ သင်ကြားခဲ့ပြီး ဖြစ်တဲ့စာလုံးရေ လေးငါးခြောက်ရာလောက်နဲ့တင် အလွယ်ကူဆုံး

mgyoe.com

mgyoe.com

ရေးထားတာပါ။ ကလေးလေးတွေ ဖတ်ပြီး နားလည်နိုင်တဲ့ စကားလုံးတွေနဲ့ ချည်း ရေးထားပါတယ်။ ဖတ်ချင်စိတ်ရှိအောင် ရောင်စုံပန်းချီပုံလေး တွေလည်း ပါပါသေးတယ်။

သူ့ထက် နောက်တစ်ဆင့်တက်တော့ စာလုံးရေ ၉၀၀ – ၁၀၀၀ လောက် သုံးပြီး ရေးထားတာ၊ နောက်ပြီး စာလုံးရေ ၂၀၀၀ – ၃၀၀၀ သုံးပြီး ရေးထားတာ၊ ပြီးတော့မှ မူရင်းစာအုပ်အတိုင်းဆိုပြီး သူ့ပညာအခြေခံ အလိုက်ဖတ်နိုင်အောင် ကလေးပညာရေး ကျွမ်းကျင်သူတွေက ရေးထားကြ တာပါ။ ဒါတင်မက မူရင်းစာအုပ်မှာကို စာကြည့်တိုက်များနဲ့ သိမ်းဆည်း တတ်သူများအတွက် ကတ်ထူဖုံးစာအုပ်၊ လူများစုဖတ်နိုင်အောင် ဈေးချိုချို ရောင်းနိုင်တဲ့ စက္ကူဖုံးစာအုပ်ဆိုပြီး နှစ်မျိုးခွဲ ရိုက်နှိပ်ပါတယ်။ ပြီးတော့ သက်ကြီးရွယ်ကြီးနဲ့ မျက်စိမွဲသူများအတွက် စာလုံးအကြီးကြီးတွေနဲ့ ရိုက် ပေးထားတာ ရှိပါတယ်။

ဒါတင်လားဆိုတော့ မကသေးပါဘူး။ မျက်စိမမြင်သူများအတွက် (ဘရေး) မျက်မမြင်စာနဲ့ ထုတ်တဲ့စာအုပ်နဲ့ အသံသွင်းထားတဲ့ တိပ်ခွေ စတာတွေလည်း ထုတ်ဝေကြပါသေးတယ်။ နောက်ဆုံးကတော့ စာဖတ် ရမှာ ပျင်းတဲ့လူကြီးလူငယ်တွေနဲ့ ကလေးသူငယ်တွေအတွက် ရုပ်ပြ စာအုပ်တွေလည်း ထုတ်ပေးပါတယ်။ ဒီလိုလုပ်တာ အင်္ဂလိပ်စာနဲ့ ထုတ်တဲ့ အင်္ဂလိပ်၊ အမေရိကန်နိုင်ငံကြီးတွေမှာတင် လုပ်တာလို့ မထင်ပါနဲ့။ တစ်ချိန် တုန်းက ဆိုဗီယက်ပြည်ထောင်စုနဲ့ တရုတ်နိုင်ငံများအဖြစ် ထင်ရှားခဲ့ကြ ပါတယ်။

ဒီလို စာအုပ်တစ်အုပ်ကို ပုံစံအမျိုးမျိုးနဲ့ ထုတ်ဝေတော့ စာဖတ်သူများ အတွက် အကျိုးရှိစေတာဖြစ်ရုံမက စာရေးသူများအတွက်လည်း များစွာ အကျိုးရှိစေပါတယ်။

ကလေးတွေ ဖတ်ဖို့ ရေးထားတဲ့စာအုပ်ကလေးကို ကိုင်ရင်းနဲ့ အတွေး တွေ ခုနစ်စဉ်အမျှင်တန်း ဆပွားပြီး မဆုံးနိုင်အောင် ဖြစ်သွားပါတယ်။ မြန်မာ စာပေလောကမှာလည်း တစ်ယောက်က ဂျာနယ်ဆို အားလုံးလိုက်ပြီး ဂျာနယ် လိုက်၊ တစ်ယောက်က ဂမ္ဘီရဆို အားလုံးလိုက်ပြီး ဂမ္ဘီရလုပ်လိုက်၊ တစ်ယောက် က နိုင်ငံတကာဆို အားလုံးလိုက်ပြီး နိုင်ငံတကာလုပ်လိုက်၊ တစ်ယောက်

mgyoe.com

အိုင်တီပြောတော့ အားလုံးလိုက်ပြီး အိုင်တီပြောလိုက်၊ တစ်ယောက် ဂလိုဘယ်လိုက်ဖေးရှင်းဆို အားလုံး ယိမ်းကသလို ဂလိုဘယ် လိုက်လုပ်လိုက်လုပ်နေကြမယ့်အစား ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း တွေးခေါ်မြော်မြင်နိုင်ကြရင် သိပ်ကောင်းမှာလဲလို့ တွေးကြည့်မိပါတယ်။

နောက်ပြီး ဘာကိစ္စပဲလုပ်လုပ် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ အခြေအနေကို ထည့်တွက်ဖို့လည်း လိုပါတယ်။ ကိုယ့်လူမျိုးရဲ့ ၇၀ ရာခိုင်နှုန်း ၈၀ ရာခိုင်နှုန်းလောက်က ကျေးလက်ဒေသမှာ နေထိုင်ကြပြီး မြေကြီးကို အရင်းပြုတဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုနေကြတဲ့ အခြေအနေမှာ ရှိနေတယ်ဆိုတာ မေ့ပျောက်ထားဖို့မသင့်ပါဘူး။ အိုင်တီတွေ ဂလိုဘယ်တွေဆိုတာက ရန်ကုန်မြို့ကြီးပေါ် နေထိုင်ကြတဲ့ အထက်တန်းနဲ့ အလတ်တန်း အထက်လွှာက သားသမီးတွေသာ ထိတွေ့ ကိုင်တွယ်နိုင်ကြသေးတာ ဖြစ်ပါတယ်။ ပြောရမှာ အားတော့နာပါတယ်။ ဒါပေမဲ့ အများအကျိုး၊ စာပေလောကအကျိုးမို့ အမုန်းခံပြောပါရစေ။ အိုင်တီတွေအကြောင်း ဂလိုဘယ်တွေအကြောင်း ပြောဆိုရေးသားနေကြသူ ဘယ်နှယောက်ကများ ကွန်ပျူတာကို ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်သုံးစွဲနေကြပါသလဲ။ စာအုပ်ရေ ၂၀၀ – ၃၀၀ ကုန်အောင်တောင် အနိုင်နိုင် ရောင်းချနေရတာကို "ခေတ်တစ်ခေတ်"ဖြစ်ပြီလို့လည်း မပြောသင့်ပါဘူး။ လူဦးရေ သန်း ၅၀ လောက်ရှိနေပြီဆိုတဲ့ နိုင်ငံမှာ မဂ္ဂဇင်း ဂျာနယ်တွေ ဘယ်လောက်များများ ရိုက်နှိပ်ရောင်းချနေကြရသလဲဆိုတာလည်း စဉ်းစားကြဖို့ ကောင်းပါတယ်။

လူများစုကြီး စာဖတ်လာအောင် မလုပ်နိုင်သေးသရွေ့ စာပေလောက တိုးတက်ထွန်းကားလာဖို့ မမျှော်လင့်နိုင်ပါဘူး။ လူများစုကြီး စာဖတ်လာအောင် လူများစုကြီး အကျိုးရှိစေမယ့် စာမျိုးတွေ၊ လူများစုကြီး စိတ်ပါဝင်စားမယ့် အကြောင်းအရာတွေ ရေးသားထုတ်ဝေကြဖို့ လိုပါတယ်။ ကွန်ဒိုဈေးနှုန်းတွေအကြောင်း၊ မော်တော်ကား ဈေးနှုန်းတွေအကြောင်း၊ ငါးသောင်းခြောက်သောင်းတန် လမ်းလျှောက် ဘွတ်ဖိနပ်အကြောင်း စတာတွေကတော့ လူများစုကြီးက စိတ်ဝင်စားမယ့်အကြောင်းလို့ မထင်မိပါဘူး။

ဟိုးရှေးရှေးခေတ် အဆက်ဆက်က မြန်မာစာအုပ်လောကမှာ ဘယ်လိုလုံးချင်းစာအုပ်ပဲထုတ်ထုတ် အနည်းဆုံး အုပ်ရေ ၂၀၀၀ ရိုက်တာဟာ

mgyoe.com

mgyoe.com


အစဉ်အလာ လုပ်ထုံးတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ အုပ်ရေ ၅၀၀၊ ၁၀၀၀ ရိုက်တာနဲ့ အုပ်ရေ ၂၀၀၀ ရိုက်တာ စာစီခ၊ မျက်နှာဖုံးပန်းချီဆွဲခ၊ ဘလောက်ခ၊ စတာတွေက အတူတူပဲဖြစ်ပေတော့ နှစ်ကျပ်နှုန်း ရောင်းနိုင်အောင် အုပ်ရေ ၂၀၀၀ သာ ရိုက်ကြပါတယ်။ အုပ် ၅၀၀ ပဲရိုက်ရင် စောစောက ပြောခဲ့တဲ့ ကုန်ကျစရိတ်တွေက အုပ်ရေ ၅၀၀ ပေါ်မှာသာ တင်ရမှာဆိုတော့ နှစ်ကျပ်နဲ့ ရောင်းနိုင်မှာမဟုတ်ပါဘူး။

ဒီနေ့ခေတ် လုံးချင်းစာအုပ်လောကမှာ အုပ်ရေ ၅၀၀၊ ၆၀၀ လောက် ရိုက်နေကြတာတောင် ရှိပါတယ်။ တော်တော်များတဲ့ အများစုက အုပ်ရေ ၁၀၀၀ လောက်သာရိုက်ကြပြီး ကုန်မှ ထပ်ရိုက်ကြတာများပါတယ်။အုပ်ရေ ၂၀၀၀ ရိုက်တဲ့ လုံးချင်းစာအုပ်က အနည်းစုသာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ရတာဟာ စာဖတ်ပရိသတ်ရဲ့ ဝယ်လိုအားကျသွားတာအပြင် လူများစုကြီးက စာအုပ်တွေဟာ သူတို့နဲ့ ဘာမျှမဆိုင်ဘူးဆိုတဲ့ အမြင်ရှိနေကြလို့လည်း ဖြစ်လိမ့်မယ်လို့ ထင်မိပါတယ်။ ဒီအခြေအနေ ပြောင်းလဲတိုးတက်စေဖို့ အတွက် လူများစုကြီးအတွက် ရည်ရွယ်တဲ့စာအုပ်စာပေတွေ များများ ရေးသား ထုတ်ဝေဖို့ လိုအပ်နေတယ်လို့ ယူဆပါတယ်။

## ဒီအတိုင်းမှန်ပါတယ်

ဒီလိုဆိုလိုတာဟာ လူနည်းစုအတွက် ပညာရပ်ဆိုင်ရာ ကွန်ပျူတာပညာ၊ အိုင်တီပညာ၊ စီးပွားရေးပညာ၊ စီမံခန့်ခွဲပညာ၊ ပန်းချီဂီတပညာ၊ ရူပဗေဒ ပညာ စတဲ့ ပညာရေးအထူးပြုစာပေ၊ ဂျာနယ်၊ မဂ္ဂဇင်းများ မရှိသင့်ဘူးလို့ ဆိုလိုတာမဟုတ်ကြောင်း ပြောချင်ပါတယ်။ ဆိုင်ရာဆိုင်ရာ ပညာရှင်များနဲ့ စာသင်သားများအတွက် အထူးပြုစာအုပ်စာစောင်တွေလည်း ရှိဖို့လိုအပ်ပါတယ်။ အထူးလိုအပ်ပါတယ်။

ဒါပေမဲ့လို့ နိုင်ငံတစ်နိုင်ငံရဲ့ အတတ်ပညာ စီးပွားရေး၊ ယဉ်ကျေးမှု ဘက်ပေါင်းစုံ တိုးတက်စေဖို့အတွက်ဆိုရင် နိုင်ငံရဲ့လူများစုကြီး ပါဝင် ဆောင်ရွက်လာမှသာ ဖြစ်မြောက်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒါ ကြောင့် အိုင်တီယိမ်း၊ ဂလိုဘယ်ယိမ်း ကနေကြမယ့်အစား လူများစုအတွက်

mgyoe.com

mgyoe.com


စာပေများ ရေးသားထုတ်ဝေကြဖို့ အလေးထား ဆောင်ရွက်သင့်ကြပါတယ်လို့ နှိုးဆော်လိုက်ချင်ပါတယ်။

[မဟေသီ၊ ၁၆ – ၉ – ၀၅]
[News Watch၊ ၉ – ၉ – ၀၈]

❑

mgyoe.com

mgyoe.com

# ဝါသနာကို ပြုစုပျိုးထောင်ပါ

တစ်နေ့က မိတ်ဆက်စာတစ်စောင် ကိုင်ပြီး မိန်းကလေးတစ်ယောက် ရောက်လာပါတယ်။ နယ်မှာနေတဲ့ ကျောင်းသားဟောင်းတစ်ယောက်က စာရေးပေးလိုက်တာပါ။ စာယူလာတဲ့ မိန်းကလေးဟာ သူ့နှမအငယ်ဆုံးဖြစ်တဲ့ အကြောင်း၊ နိုင်ငံခြားသွားပြီး မဟာဘွဲ့အတွက် ကျောင်းတက်ချင်တဲ့အကြောင်း၊ ဘယ်သွားပြီး ဘာတက်သင့်တယ်၊ စကောလားရှစ် ဘယ်လိုလျှောက်ရတယ် ဆိုတာများကို လမ်းညွှန်ပေးစေချင်ကြောင်း ရေးထားပါတယ်။

## အိတ်သွန်ဖာမှောက်

လူငယ်နဲ့ပတ်သက်တဲ့ စာမျိုးတွေ အရေးများသူဖြစ်တာကြောင့် အခုလိုပဲ လူငယ်တွေ ရောက်ရောက်လာပြီး မေးမြန်းဆွေးနွေးတာ၊ အကြံတောင်းတာမျိုးတွေ ပြတ်လှတယ် မရှိပါဘူး။ စာမသင်နိုင်တော့တာ အတော်ကြာပြီဖြစ်ပေမဲ့လည်း တပည့်ကျောင်းသားဟောင်းတွေနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေက အမြဲလိုလို ရောက်လာနေကြတာပါပဲ။ အထူးသဖြင့် ပညာရေးနဲ့ပတ်သက်ပြီး ရောက်ရောက်လာကြတာ များပါတယ်။ ပညာရေးနဲ့ ပတ်သက်လို့ကတော့ မျက်နှာစိမ်း ကျက် မရွေး ဘယ်သူလာလာ သိသလောက်၊ ဖတ်ရှုမှတ်သားထားသလောက် "အိတ်သွန်ဖာမှောက်" ပြောပြ ရှင်းပြပါတယ်။ အလုပ်အကိုင်ကိစ္စ၊ စီးပွားရေးကိစ္စမျိုးတွေကျတော့လည်း ကိုယ်နဲ့ မနီးစပ်လေတော့ ဘာမှ မတတ်နိုင်ဘူးပေါ့။

mgyoe.com

mgyoe.com


## ဝါသနာမရှိ၊ လုပ်ချင်တာမရှိ

အခုရောက်လာတဲ့ကလေးမကို ဘာတက်ချင်တာလဲ မေးတော့ ဘာတက်ရင်ကောင်းမလဲလို့ သူက ပြန်မေးပါတယ်။ ဘာဝါသနာပါလဲ၊ ဘာလုပ်ချင်တာလဲ မေးတော့လည်း ကျောင်းဖွင့်စာသင်နေစဉ်က အမြဲကြား နေရတဲ့အတိုင်းပါပဲ။ ဘာတစ်ခုမှ စွဲစွဲလမ်းလမ်းကြီး ဝါသနာပါတယ်ဆိုတာ မရှိပါဘူး။ ရှေ့ဘဝခရီးမှာ ဘယ်လို အသက်မွေးဝမ်းကျောင်းမျိုးနဲ့ ရပ်တည် သွားရမှာလဲဆိုတာလည်း မပြောနိုင်ပါဘူး။ မိဘနောက်ခံက အသင့်အတင့် တောင့်တင်းလေတော့ မဟာဘွဲ့တစ်ခုလောက် ထပ်ယူချင်တယ်ဆိုတဲ့ ရည်မှန်းချက်ပဲ ရှိပါတယ်။ ဘယ်ဘာသာရပ်နဲ့ မဟာဘွဲ့ယူရမယ်ဆိုတာ လမ်းညွှန်ပေးပါလို့ပဲ ပြောပါတယ်။ သူ့အစ်ကိုကတော့ အမ်ဘီအေ **(MBA)** တက်ရင်ကောင်းမယ်လို့ ပြောကြောင်းလည်း ပြောပါတယ်။ စီးပွားရေး အကြောင်းတွေ၊ စီမံခန့်ခွဲရေးကိစ္စတွေ စိတ်ဝင်စားသလားမေးတော့ "အလုပ် အကိုင်ပေါတယ်လို့ အစ်ကို ပြောတယ်" ဆိုတာပဲ ပြောပါတယ်။ သူစိတ်ဝင်စား သလား၊ ဝါသနာပါသလားဆိုတာတော့ မဖြေပါဘူး။ ဘယ်နိုင်ငံသွားတက် ချင်တာလဲ မေးတော့လည်း "မသိဘူး၊ ဆရာပဲ လမ်းညွှန်ပေးပါ" လို့ ဖြေပါ တယ်။ ဒါနဲ့ပဲ ရပ်လိုက်ပါတော့တယ်။ ဆက်မမေးတော့ပါဘူး။ ဆယ်ယောက် လာရင် ကိုးယောက်လောက်က ဒီလိုပါပဲ။ တွေ့ရဖန် များလွန်းလို့ အကြောင်း သိနေပြီဖြစ်လို့ ဆက်မမေးတော့ပါဘူး။ ပြောသင့်တာတွေကိုသာ ဆက်ပြော ပြလိုက်ပါတော့တယ်။

## ပညာနဲ့ စီးပွားရေးဆက်နွှယ်နေ

ဒီလေးငါးခြောက်နှစ်အတွင်းမှာ ခေတ်စားနေတာက ကွန်ပျူတာ၊ အိုင်တီနဲ့ အမ်ဘီအေဖြစ်လေတော့ ဘယ်သူ့ မေးလိုက် မေးလိုက် ဒါတွေပဲ လုပ်နေကြတာ တွေ့ရတယ်။ အခုလောလောဆယ်တော့ ကိုးရီးယားကားတွေ ရဲ့ ဩဇာရိပ်ကြောင့် ဟိုတယ်လုပ်ငန်းတို့၊ စားဖိုမှူးလုပ်ငန်းတို့ တွင်ကျယ်နေ ကြလေရဲ့။ ဘာပဲလုပ်လုပ် မလုပ်ခင်မှာ လူငယ်တွေအနေနဲ့ ကိုယ်လုပ်မယ့် အလုပ်၊ ကိုယ်သင်မယ့် ပညာအကြောင်းကို သေသေချာချာ သိအောင် လေ့လာသင့်တယ်။ ပညာရပ်တစ်ခု ခေတ်စားတယ်၊ အလုပ်အကိုင်ပေါတယ်

mgyoe.com

mgyoe.com

ဆိုတာက တစ်သမတ်တည်းရှိနေတာမျိုး မဟုတ်ဘူး။ နိုင်ငံရဲ့ဖွံ့ဖြိုးမှု အဆင့် အလိုက် ပြောင်းလဲသွားတာမျိုး ဖြစ်တယ်။ ဂျပန်၊ ကိုရီးယား၊ စင်ကာပူ စတဲ့နိုင်ငံတွေ ဖွံ့ဖွံ့ဖြိုးဖြိုး မဖြစ်ခင် လွန်ခဲ့တဲ့ အနှစ်သုံးလေးဆယ်လောက် ကဆိုရင် စက်မှုအတတ်ပညာရပ်တွေ ခေတ်အစားဆုံး ဖြစ်တယ်။ အလုပ် အကိုင်ပေါပြီး လခလည်း ကောင်းတယ်။ စက်မှုလုပ်ငန်းထူထောင်ခါစကိုး။ ဆရာဝန်တွေလည်း ဝင်ငွေကောင်းတယ်။ နိုင်ငံက မချမ်းသာသေးတော့ ရောဂါဘယလည်း ထူပြောတာပေါ့။ ဒါကြောင့် လွန်ခဲ့တဲ့ နှစ်သုံးလေးဆယ်က ဆေးကျောင်းတွေနဲ့ စက်မှုတက္ကသိုလ်တွေမှာ လူတွေ ကြိတ်ကြိတ်တိုးတယ်။ စက်မှုထူထောင်ရေးတွေ တော်တော်လေး ပြည့်စုံပြီး၊ စီးပွားရေးတိုးတက်လာ တဲ့အခါကျတော့ စီမံခန့်ခွဲမှုတို့ စာရင်းကိုင်တို့နဲ့ ရှေ့နေတွေ လူကြိုက်များ လာခဲ့တယ်။ စီးပွားရေးအဆင့်က တောင်းဆိုလာတာကိုး။

## စိတ်ယဉ်ကျေးမှု ဦးစားပေး

ပြီးခဲ့တဲ့ ဆယ်စုနှစ်၊ နှစ်ခုလောက်ကျတော့ အိုင်တီနဲ့ ကွန်ပျူတာက ထိပ်တန်းရောက်လာတယ်။ ကျောင်းတွေမှာလည်း ကြိတ်ကြိတ်တိုး အလုပ် အကိုင်တွေကလည်း ပေါနဲ့ပေါ့လေ။ ဟောအခုချိန်ကျတော့ စီးပွားရေး စူပါနိုင်ငံကြီးတွေမှာ စက်မှုအတတ်ပညာတွေက တယ်ပြီး ခေတ်မစားတော့ ဘူး။ သမိုင်းလို၊ စာပေလို၊ ဒဿနိကဗေဒလို ဘာသာရပ်တွေဘက် လှည့် ကုန်ကြပြန်တယ်။ စက်မှုအတတ်ပညာတွေ၊ ယန္တရားတွေက သူတို့မှာ ပြည့်စုံရုံမက ပိုလျှံတောင်နေပြီလေ။ ဒီတော့ စိတ်ယဉ်ကျေးမှုဘက်ကို ပိုပြီး အလေးထားလာကြတော့တာပါ။ ပညာရပ်တစ်ခု ခေတ်ကောင်းမကောင်း၊ အလုပ်အကိုင် ပေါမပေါဆိုတာက "ပုံသေကားကျ" မှတ်ထားလို့ မရပါဘူး။ နိုင်ငံရဲ့ ဖွံ့ဖြိုးမှုအဆင့်အလိုက် ပြောင်းပြောင်းသွားတာမျိုး ဖြစ်တယ်။ မြန်မာ နိုင်ငံမှာပဲ ကြည့်လေ။ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးငါးဆယ်လောက် လူကြိုက် များမှု ထိပ်ဆုံးမှာရှိနေတဲ့ ဆေးကျောင်းဟာ အခုနှစ်နှစ် သုံးနှစ်အတွင်းမှာ လူကြိုက်များမှု အဆင့်လောက်သာ ရှိတော့တယ် မဟုတ်လား။

## အပင်နဲ့ ပေါင်း ခွဲခြားမသိ

အရေးကြီးတာက ဘယ်ပညာရပ်က ကောင်းတယ်ဆိုတဲ့အချက်

mgyoe.com

မဟုတ်ဘူး။ ပညာဆိုတာကတော့ အသုံးမကျဘူးဆိုတာ မရှိပါဘူး။ ဘယ်အတတ်ပညာမဆို သူ့နေရာနဲ့သူ၊ သူ့အချိန်နဲ့သူ တန်ဖိုးရှိတာချည်းပါပဲ။ ဆံပင်ညှပ်၊ လက်သမားလုပ် စတဲ့ ပညာတွေတောင် တကယ်လိုအပ်လာရင် တကယ်တန်ဖိုးရှိပါတယ်။ ပညာနဲ့ပတ်သက်ပြီး ကိုယ်တွေ့အဖြစ်ကလေးကို ရေးပြပါမယ်။ ကိုကိုးကျွန်းကို ရောက်သွားချိန်က အသက်သုံးဆယ်တောင် မရောက်သေးပါဘူး။ ငယ်ပါသေးတယ်။ ဒါပေမဲ့လို့ သတင်းစာကြီးတစ်စောင်မှာ အယ်ဒီတာဖြစ်နေရုံမက စာအုပ်လေးငါးအုပ် ဘာသာပြန်ထုတ်ဝေခဲ့ပြီး ဘာသာပြန်ဆရာတစ်ယောက်အဖြစ်နဲ့လည်း လူရာဝင်နေပြီဖြစ်တယ်။ ကျွန်းပေါ် ရောက်သွားကြတဲ့အခါကျတော့ လုပ်နိုင်ကိုင်နိုင်တဲ့ အရွယ်တွေကို ကိုယ်တတ်ကျွမ်းရာ နေရာချထားဖို့ စာရင်းကောက်ပါတယ်။ ဆံပင်ညှပ်တတ်သူက ဆံပင်ညှပ်ဘုတ်၊ လက်သမားတတ်သူက လက်သမားဘုတ်၊ အားကောင်းမောင်းသန်တွေက ရေထမ်းဘုတ်၊ ထင်းဘုတ် စသဖြင့် သင့်ရာသင့်ရာပေါ့လေ။ ကိုယ်က ဘာတစ်ခုမှ တတ်တာမရှိ၊ လူကလည်း လူဖလံဆိုတော့ သူများတွေလို ရေလည်း မထမ်းနိုင်၊ ထင်းလည်း မခုတ်နိုင်နဲ့ ရှက်စရာဖြစ်နေတော့တယ်။ နောက်ဆုံးမှာ သက်သက်သာသာနေလို့ရတဲ့ တောင်ယာဘုတ်မှာပဲ မြက်နုတ်ပေါင်းသင် လုပ်ပါလို့ တာဝန်ပေးကြတယ်။ အဲဒီမှာ အရှက်ကွဲတော့တာပါပဲ။ သောင်ပြင်မှာ စိုက်ထားတဲ့ မုန်လာခင်းထဲမှာ ပေါင်းတွေများနေလို့ ပေါင်းနုတ်ဖို့ တာဝန်ပေးပါတယ်။ သက်သာအောင် ဒီတာဝန်ပေးတာပါ။ တခြားလူတွေကတော့ အပင်တွေလောင်းဖို့ ရေတွင်းက ရေခပ်ပြီး ထမ်းလောင်းတဲ့အလုပ် လုပ်ကြပါတယ်။

## သုံးမရတဲ့ မြို့သားပညာတတ်

ပေါင်းနုတ်ပြီး အတော်လေးကြာတော့ ရေထမ်းလာတဲ့ လူငယ်တွေက အလန့်တကြားပြေးလာပြီး တားပါတယ်။ ကိုယ်က ကြောင်ကြည့်နေတော့ “ဆရာနုတ်နေတာတွေ ပေါင်းမဟုတ်ဘူး။ မုန်လာပင်ပေါက်ကလေးတွေ” လို့ ပြောမှပဲ ကိုယ့်အမှားကို သိပါတော့တယ်။ ရှက်လိုက်တာ မပြောပါနဲ့တော့။ နောက်တစ်ကြိမ်ကတော့ ချဉ်ပေါင်ဖူးကိစ္စပါ။ တောင်ယာက ချဉ်ပေါင်ဖူးတွေ ချူးပြီး ဖိုကြီးထဲ ပို့ပါတယ်။ ဖိုကြီးထဲက လူတွေ မအားကြတာကြောင့် ချဉ်ပေါင်ဖူးတွေကို ခွာပေးပါတယ်။ အတော်လေးကြာတော့ ဖိုကြီးထဲက

mgyoe.com

mgyoe.com

လူတွေက အလန့်တကြားနဲ့ လာတားပါတယ်။ ခွာပြီး လွှင့်ပစ်လိုက်တဲ့ ချဉ်ပေါင်သီးက အခွံတွေကို ကောက်ယူပြီး "ဒါတွေကို ယူရမှာ ဆရာရဲ့၊ ဆရာယူထားတဲ့အဆံက ဘာမျှလုပ်လို့မရဘူး" လို့ ရှင်းပြပါတယ်။ ကဲ ရှက်စရာမကောင်းဘူးလား။ ဘိုကျောင်းထွက်၊ မြို့သားပညာတတ်၊ အယ်ဒီတာတဲ့။ တကယ်တမ်းကျတော့ ဘယ်နေရာမှ အသုံးမကျဘူး။ ပညာဆိုတာ ဆံပင်ညှပ်တာဖြစ်ဖြစ်၊ လက်သမားလုပ်တာဖြစ်ဖြစ်၊ သူ့နေရာနဲ့သူ တန်ဖိုးရှိ အသုံးကျတယ်ဆိုတာကို ပြောချင်တာပါ။ အသုံးမကျတဲ့ပညာ ဘာမှမရှိပါဘူး။

## ဝါသနာကိုသာ ကြည့်ပါ

အရေးကြီးတာက ကိုယ်ဝါသနာပါတာကို လုပ်ဖို့ပါ။ ဝါသနာပါ၊ စိတ်ဝင်စားတာကို လုပ်ရမှ တက်တက်ကြွကြွ စိတ်ပါလက်ပါလုပ်မှာ။ ဒါမှ အောင်မြင်ပေါက်ရောက်မှာ ဖြစ်တယ်။ ဆယ်တန်းအောင်လို့ လိုင်းရွေးတာပဲဖြစ်ဖြစ်၊ ဘွဲ့ရပြီးလို့ မဟာတက်ချင်တာပဲဖြစ်ဖြစ်၊ ဘဝအတွက် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင် ရွေးချယ်တာပဲဖြစ်ဖြစ် ခေတ်စားတယ်၊ လူကြိုက်များတယ်ဆိုတာကို မကြည့်ပါနဲ့။ ကိုယ်အမှန်တကယ် ဝါသနာပါတာ၊ တစ်သက်လုံး စွဲစွဲမြဲမြဲ လုပ်ချင်တာကိုပဲ ကြည့်ပါ။ တစ်ခုခက်နေတာက ဒီခေတ်လူငယ်တွေမှာ စွဲစွဲလမ်းလမ်းရှိတဲ့ ဝါသနာဆိုတာမရှိကြခြင်း ဖြစ်တယ်။ ဝါသနာပြုစုပျိုးထောင်ဖို့ဆိုတာ မူလတန်းအရွယ်က စတင်ရမှာ ဖြစ်တယ်။ မူလတန်းပညာရေး သင်ရိုးညွှန်းတမ်းတွေမှာ ကလေးတွေရဲ့ သိချင်စိတ်၊ စပ်စုချင်စိတ်၊ စမ်းသပ်ချင်စိတ်တွေ နိုးကြားထက်သန်လာစေမယ့် သင်ခန်းစာမျိုးတွေ များများထည့်သွင်းပေးဖို့ လိုပါတယ်။ ဒါမှသာ ဘွဲ့ရပြီးတာတောင် ကိုယ် ဘာလုပ်ချင်မှန်း၊ ဘာလိုချင်မှန်း မသိတဲ့အဖြစ်က ကင်းဝေးမှာဖြစ်ကြောင်း သတိပေးနှိုးဆော်လိုက်ရပါတယ်။

[News Watch၊ ၈ – ၁၀ – ၀၈]

❑

mgyoe.com

mgyoe.com

# ဦးရှုံစားလို မှန်ဘီလူးကြီး တကိုင်ကိုင်

ရပ်ဝေးရောက် မိတ်ဆွေရင်းချာတစ်ယောက်က ဒီခေတ် စာစောင်၊ မဂ္ဂဇင်းတွေ ဖတ်ရခက်ခဲလွန်းလို့ စာကြည့်နိုင်တဲ့ လက်ကိုင်မှန်ဘီလူးလေး တစ်ခုလောက် လိုချင်ကြောင်း မှာကြားတာကြောင့် ရှာဝယ်ခိုင်းပြီး ပို့လိုက်ရတယ်။ သူ့ဒုက္ခကို ကောင်းကောင်းသဘောပေါက်ပါတယ်။ ကိုယ်တိုင်လည်း တချို့စာတွေဆိုရင် ဦးရှုံစားလို မှန်ဘီလူးတကိုင်ကိုင်နဲ့ ဖတ်နေရတာကိုး။

## အဘက်ဘက်မှာ တိုးတက်

ဘက်ပေါင်းစုံ လိုက်မမီအောင် တိုးတက်နေတဲ့ခေတ်ကြီးထဲမှာ စာနယ်ဇင်းတွေလည်း ရှေ့တန်းက ပါကြတယ်။ အထူးသဖြင့် စာအုပ်အလှ ပြင်တဲ့ "စာနယ်ဇင်း မိတ်ကပ်ပညာ" က သိပ်ကို တိုးတက်ခေတ်မီလွန်းလေ တော့ အဲဒီစာနယ်ဇင်းမိတ်ကပ်ပညာအကြောင်းကို နှစ်နှစ်လောက်ကြာအောင် အခန်းဆက် ဆောင်းပါးတွေရေးပြီး မိတ်ဆက်ပေးခဲ့သူ မိမိကိုယ်တိုင်တောင် မှ လိုက်လို့မမီတော့အောင် ဖြစ်ရတယ်။ အစကတော့ ကိုယ့်မျက်စိကြောင့်ပဲ လေလို့ အောက်မေ့ပြီး နေခဲ့တာ၊ ရပ်ဝေးရောက်မိတ်ဆွေက မှန်ဘီလူးမှာတော့ မှ ပဲ ဒီဒုက္ခဟာ ကိုယ်တစ်ယောက်တည်း ကြုံတွေ့ရတာ မဟုတ်ပါလားဆိုတာ သိရတော့တယ်။ အဲဒီလိုသိရတဲ့အတွက် ဒီစာကို ရေးဖြစ်သွားတာပါ။ ကိုယ်တစ်ဦးတည်း၊ တစ်ယောက်တည်းအတွက်ဆိုရင်တော့ ခုလို စာ

mgyoe.com

mgyoe.com


တစ်စောင်ပေတစ်ဖွဲ့ ရေးမနေပါဘူး။ ဦးရှုံစား မှန်ဘီလူးနဲ့ပဲ စခန်းသွား နေမှာပါ။

## လှတော့လှတယ် ဖတ်မရဘူး

အခုတော့ ရေးပါရစေတော့။ အားလုံးပဲ ခွင့်လွှတ်ကြပါ။ ဒီနေ့ စာစောင်တွေ၊ အထူးသဖြင့် ကွာလတီဆိုတဲ့ မဂ္ဂဇင်းတွေ ဖတ်ရတာ တော်တော်ကို ဒုက္ခရောက်ပါတယ်။ ရောင်စုံစာမျက်နှာတွေပေါ်မှာ စာလုံး အဖြူ၊ စာလုံးအမည်းတွေနဲ့ မျက်စိပသာဒလှပအောင် ကစားထားကြတာ တော်တော်လှပါတယ်။ ဒါပေမဲ့ ဖတ်လို့တော့ မရဘူးခင်ဗျ။ စာလုံးတွေက သေးတဲ့အခါမှာ ပိုဆိုးပါသေးတယ်။ တစ်ခါတလေများ မာတိကာနဲ့ ကဗျာ စာမျက်နှာတွေမှာ အရောင်တွေသာမက ဒီဇိုင်းအမျိုးမျိုးနဲ့ အောက်ခံအရိပ် တွေက ရှုပ်ယှက်ခတ်ဖြစ်နေလေတော့ ဘာတစ်ခုမှ ဖတ်လို့မရတော့ပါဘူး။ ကွန်ပျူတာသမားက လက်စွမ်းပြလိုက်တာ၊ "လေးအောက်ဒီဇိုင်နာ" က လှသထက် လှအောင် ဖန်တီးလိုက်တာလို့တော့ လက်လွတ်စပယ် မပြောစေ ချင်ဘူး။ စာစောင်နဲ့ ပတ်သက်သမျှ ဘယ်ကိစ္စမဆို တာဝန်အရှိဆုံးက အယ်ဒီတာဖြစ်တယ်ဆိုတာ သတိပြုစေချင်ပါတယ်။ စာအုပ်ဆိုတာ ဖတ်ဖို့ အဓိကဖြစ်တယ်။ အလှကြည့်ရုံသက်သက် မဟုတ်ဘူးဆိုတာ စာစီစာရိုက် သမားနဲ့ ဒီဇိုင်းသမားကို အယ်ဒီတာက အမြဲသတိပေးနေရမှာပေါ့။

## တစ်မျိုးလုံး ဦးရှုံစားဖြစ်တော့မှာ

စက္ကူအဖြူပေါ်မှာ စာလုံးအမည်းနဲ့ ရိုက်တာ စာလုံးအရွယ်အစားက လည်း (အများနားလည်အောင် ပုံနှိပ်စကားပွိုင့်တွေနဲ့ မပြောဘဲ လွယ်လွယ်ပဲ ပြောပါမယ်) ယေဘုယျအားဖြင့် သတင်းစာထဲက စာလုံးအရွယ်အစားကို သုံးတာဟာ ခုခေတ်လုပ်ကြသလို ကိုယ်ကြိုက်တာ ကိုယ်လုပ်သဘောမျိုးနဲ့ လုပ်ခဲ့ကြတာ မဟုတ်ပါဘူး။ မျက်စိဆရာဝန်တွေရဲ့ အမြင်နဲ့ ထောက်ခံချက် ပေးခဲ့တဲ့အတိုင်း ရှေးလူကြီးတွေက လိုက်နာလုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါ တယ်။ စာဖတ်သူရဲ့ မျက်စိအန္တရာယ်မဖြစ်စေဖို့နဲ့ သက်သောင့်သက်သာရှိစေဖို့ (ခုခေတ်စကားနဲ့ပြောရရင် **reader friendly** ဖြစ်စေဖို့) အတွက် သတ်မှတ်

mgyoe.com

ထားတာ ဖြစ်ပါတယ်။ ခုခေတ်တော့ ဖြူနီကြောင်ကျား စာရွက်တွေပေါ်မှာ စာလုံးတွေ ဖြူလိုက် မည်းလိုက်နဲ့ တစ်မျက်နှာတစ်မျိုး ပြောင်းနေလေတော့ မျက်စိကို တော်တော်ထိခိုက်မှာ သေချာပါတယ်။ ကြာရင်ဖြင့် မြန်မာလူမျိုး တိုင်းဟာ ဆရာမြသန်းတင့်တို့ ဆရာဒဂုန်တာရာတို့လို ပုလင်းဖင်ကိုဖြတ်ပြီး တပ်ထားတယ်ထင်ရတဲ့ မျက်မှန်ထူကြီးတွေနဲ့ ဖြစ်ရင်ဖြစ်၊ အဲဒီလို မဖြစ်ရင် လည်း အကုန်လုံး စုံထောက်ကြီး ဦး.ရှစား ဖြစ်ကုန်ကြလိမ့်လို့ အောက်မေ့ မိပါတော့တယ်။

## ကိုယ့်စာစောင် ကိုယ်လုပ်ချင်တာလုပ်မယ်

နောက်တစ်ခု ပြောချင်တာက (အရင်ကလည်း ရေးခဲ့ဖူးပါပြီ၊ ဘာမှ အရာမရောက်လို့ ထပ်ရေးလိုက်တာပါ)၊ စာမျက်နှာနံပါတ်ရှာမရတဲ့ ဒုက္ခ အကြောင်းဖြစ်ပါတယ်။ ရှေးကတော့ စာမျက်နှာကိုလှန်တဲ့အခါမှာ ဘယ်ဘက် ကိုလှန်ပြီး စာဖတ်တဲ့အခါမှာလည်း ဘယ်ဘက်က စဖတ်ကြရတဲ့အတိုင်း စာမျက်နှာနံပါတ်တပ်ရာမှာလည်း စာရွက်ရဲ့ ဘယ်ဘက်ထိပ်က စတပ်ကြပါ တယ်။ နောက်တစ်မျက်နှာကတော့ ဘယ်ဘက်က စာအုပ်ချုပ်သားဘက်ကျ နေတာကြောင့် စာရွက်ညာဘက်ထိပ်မှာ တပ်ပါတယ်။ ဒါလည်း ဘယ်ဘက် ကစဖတ်ပြီး ညာဘက်မှာ ဆုံးတာကြောင့် မျက်စိအဆင်ပြေပါတယ်။ စာအုပ်ဆိုတာ စပြီးပေါ်လာကတည်းက ဒီလိုပဲ ကျင့်သုံးခဲ့ကြတယ်ထင်ပါ တယ်။ အခုခေတ်ရောက်တော့ စာမျက်နှာနံပါတ်က ပုံသေ မဟုတ်တော့ပါဘူး။ ကိုယ့်စာစောင်မှာ ကိုယ်တပ်ချင်တဲ့နေရာမှာ တပ်နေကြပါတယ်။ မနက် ရောက်တာနဲ့ သတင်းစာ၊ ဂျာနယ်တွေ တစ်စောင်ပြီးတစ်စောင် ဖတ်လေ့ရှိသူ အဖို့တော့ မျက်စိချာချာလည်ပြီး ခေါင်းမူးသွားမှာ သေချာပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ တစ်စောင်ဖတ်တော့ ဘယ်ဘက်ကြည့်၊ နောက် တစ်စောင်ကျ ညာဘက်၊ နောက်တစ်ခုက အလယ်တည့်တည့်၊ နောက်တစ်ခု က စာရွက်အောက်ဘက်ညာ၊ နောက်တစ်ခုက စာရွက်အောက်ဘယ် စသဖြင့် ဖြစ်နေတော့တယ် မဟုတ်လား။ ခေါင်းမမူးဘဲ ဘယ်ရှိပါတော့မလဲ။

mgyoe.com